မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်၇နာရီ၅၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာတီဂျဆူဒါဆန်နှင့် သံရုံးအဖွဲ့ဝင်များ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

● "နိုင်ငံတော်မှ ကြွယ်ဝစွာထွက်ရှိသော သယံဇာတကျောက်မျက်ရတနာများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ခင်းကျင်းပြသ ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးပွားလာမည်။" ခေါင်းကြီး (စာ-၂)

● "တပ်မတော်က တောင်းဆိုခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အတိတ်ဖြစ်ရပ်များက လမ်းပြညွှန်သည့် တပ်မတော်၏ အနာဂတ်တာဝန်ကား သမိုင်း၌ထင်ရှားစွာ ပေါ်လွင်နေပေပြီ။ ထိုတာဝန်ကား အမျိုးသားညီလာခံကျင်းပရေး ဦးတည်ချက်ခြောက်ရပ်တွင်ပါဝင်သော (အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေး) ဟူသော နိုင်ငံတော်ကပေးအပ်သည့် တာဝန်ပင်ဖြစ်ပါသည်" ခြင်ကျား(မအူပင်)၏ဆောင်းပါး (စာ-၁၀၊၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁ ရက်)

နိုင်ငံ့သယံဇာတ ကျောက်မျက်ရတနာများ ခင်းကျင်းပြသ ရတနာကုန်သည်များ စိတ်ဝင်စား၊ နိုင်ငံ့ဝင်ငွေ ပိုမိုတိုးပွား

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေ၊ သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်း ဖြစ်တည်နေသည့် မြေပေါ်၊ မြေအောက် သယံဇာတများစွာကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အဖိုးတန် ကျောက်မျက်ရတနာများထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ နိုင်ငံတကာအသိအမှတ်ပြု ကျောက်မျက်ရတနာဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ဖြစ်ထွန်းရေးကို အထူးအလေးထား ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုတိုးတက် ထုတ်လုပ်ရောင်းချနိုင်ရန် အစီအမံများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ချထားပေးပြီး ပူးပေါင်းလက်တွဲလုပ်ကိုင်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာထွက်ရှိမှု တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ထွက်ရှိလာသော မြန်မာ့ကျောက်မျက်ရတနာများကို နှစ်စဉ် မတ်လနှင့် အောက်တိုဘာလများ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား နှစ်ကြိမ်ရောင်းချခဲ့ရာမှ ဇွန်လနှင့် ဇူလိုင်လများတွင်လည်း ထပ်မံရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပတ်လုံး ကြားဖြတ်ရောင်းချမှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက် ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများသို့ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များ လာရောက်ခဲ့ကြသည်။ အများအားဖြင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ အများဆုံးလာရောက်ဝယ်ယူကြပြီး ဂျပန်၊ တောင်ကိုရီးယား၊ ရုရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ကနေဒါနိုင်ငံများမှ ရတနာကုန်သည်များကလည်း လာရောက်ဝယ်ယူအားပေးခဲ့ရာ ကျောက်မျက်ရတနာရောင်းချမှုမှ နိုင်ငံခြားငွေအမြောက်အမြား ရရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၃၀ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ပြသနေပြီ ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်ကျောက်စိမ်း အချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များ၊ ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်းကျောက်စိမ်း အရိုင်းတုံးများ၊ ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

(၄၂)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ လာရောက်လျက်ရှိကြပြီး ဖွင့်ပွဲနေ့အထိ ပြည်ပနိုင်ငံ ခုနစ်နိုင်ငံ၊ ရတနာကုမ္ပဏီ ၁၄၃ခုမှ ရတနာကုန်သည် ၄၀၇ဦးနှင့် ပြည်တွင်းရှိ ရတနာကုမ္ပဏီ ၁၆၉ခုမှ နိုင်ငံသားရတနာကုန်သည် ၃၁၇ဦး စုစုပေါင်း ၇၂၄ဦး လာရောက်ကြည့်ရှု အားပေးကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်များထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက် ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ ပိုမိုစိတ်ဝင်စားကြပြီး အများအပြား လာရောက်ကြခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်မှ ကြွယ်ဝစွာထွက်ရှိသော သယံဇာတ ကျောက်မျက်ရတနာများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ခင်းကျင်းပြသရောင်းချနိုင်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးပွားလာမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဝိဋ္ဌာန်

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။"

ကျိုင်းတုံမြို့ မေတ္တာလမ်းအပိုင်း(၃)ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ဝမ်ဖိုင်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် မေတ္တာလမ်းအပိုင်း(၃) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်လ၂၅ရက် နံနက်ပိုင်းက အဆိုပါ ကတ္တရာလမ်းသစ်မုခ်ဦး၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်ကျော်က မေတ္တာလမ်းအပိုင်း(၃) ကတ္တရာလမ်းသစ် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးတို့က မေတ္တာလမ်းအပိုင်း(၃) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်ကြီးများသည် လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖောက်လုပ်ဖွင့်လှစ်နိုင်

အဆိုပါအရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေရှိ မေတ္တာလမ်းအပိုင်း(၁)ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၀၅၄၀၀၀ဖြင့်လည်းကောင်း၊ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိ မေတ္တာလမ်းအပိုင်း (၂)ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၇၄၀၀၀၀၊ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၄၄၀၀၀၀စုစုပေါင်း ငွေကျပ် ၃၁၈၀၀၀၀ဖြင့်လည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၁၄၀၇၀၀၀၀ဖြင့် မေတ္တာလမ်းအပိုင်း (၃)အရှည်ပေ ၃၄၀၀၊ အကျယ်၁၂ပေရှိ မေတ္တာလမ်းအပိုင်း(၃)ကို မြေသားလမ်းမှ ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်ဖောက်လုပ်ပေးခဲ့ရာ မေတ္တာလမ်းအရှည်ပေ ၄၉၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းသစ်ကို ယခုကဲ့သို့ ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဝမ်ဖိုင်စံပြကျေးရွာ

ထိုမှတစ်ဆင့်တိုင်းမှူးသည် ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ဝမ်ဖိုင်စံပြကျေးရွာဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ကျိုင်းတုံမြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်တို့က ဝမ်ဖိုင်စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဝမ်ဖိုင်စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက်အခမ်းအနားကို ကျေးရွာဘုန်းတော်ကြီးကျောင်း အနီးမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က ဝမ်ဖိုင်စံပြကျေးရွာ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝမ်ဖိုင်ကျေးရွာမှ ဦးနန်းရီက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ် (၆၀) ပြည့် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃- ၂၀၀၅ မှ ၄-၄- ၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

မြဝတီရုပ်မြင်သံကြား

၁-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာသကြီန်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မြန်မာသကြီန်
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ **"မမှောင်သောအလင်း"** (အပိုင်း-၁၁)
- ၅း၃၀ ၉။ မြန်မာသကြီန်
- ၅း၄၀ ၁၀။ Goal Show အစီအစဉ်
- ၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၆)
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း"** (အပိုင်း-၂)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၂၉)

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ လုပ်ငန်းရှင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုဇုန်အလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အသေးစိတ်စာရင်းဇယားများ ပြုစုပြည်သူများနှင့်စက်မှုဇုန်များ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ စက်မှုလုပ်ငန်းရှင်များ လုပ်ငန်းလိုအပ်ချက်များရှိက ဆွေးနွေးတင်ပြ

ရန်ကုန် မတ် ၃၁

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမဦးကျင်းပရာ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေး ကော်မတီဝင်များ ဖြစ်ကြသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် စက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖြည့်ဆည်းပေး

ရှေးဦးစွာ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးတွင် မြို့နယ်အလိုက်၊ စက်မှုဇုန်များအလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို နှစ်၊ လ၊ ရက်၊ နာရီချင်းအလိုက် အသေးစိတ်စာရင်းဇယားများ ပြုစုဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၏ ဓာတ်အားသုံးစွဲမှု ခြိုးခြံချွေတာရေးအတွက် ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများနှင့် စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မိမိတို့ ကော်မတီက မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပြီး ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့သော် အဆိုပါဓာတ်အားပေးစက်ရုံကြီးများ လည်ပတ်မှု အရှိန်မရသေးခြင်း၊ လိုအပ်သည့် ရေပမာဏ လုံလောက်စွာမရရှိသေးခြင်းနှင့် ဓာတ်အားသုံးစွဲမှု အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားစွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်မှုမှာ အခက်အခဲများရှိနေသေးကြောင်း။

ယင်းအခြေအနေများမှာ မကြာမီကာလအတွင်း ပြေလည်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ လက်ရှိကာလတွင်လည်း မိမိတို့ကော်မတီက ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲရန်လိုအပ်သည့် စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များကိုလည်း စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ သုံးစွဲမှုတို့မှာ အဓိက လိုအပ်ချက်တစ်ခုဖြစ်ကြောင်း။

ဆွေးနွေးတင်ပြ

ထို့ကြောင့် မိမိတို့ကော်မတီက လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများကို ယခုအစည်းအဝေးတွင် ရှင်းလင်း ပြောကြားသွားမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များကလည်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များရှိက ဆွေးနွေးတင်ပြကြရန် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု၊ စက်မှုဇုန်များနှင့် ပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ နှစ်စဉ် ဓာတ်အားများ တိုးတက်သုံးစွဲလာမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဓာတ်အား ဖြည့်ဆည်း ဖြန့်ဖြူးပေးနိုင်မည့် အလားအလာများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်းက ဝန်ကြီးဌာနမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နေမှု၊ တစ်နိုင်ငံလုံး၏ စက်သုံးဆီ လိုအပ်ချက်နှင့် စက်မှုဇုန်များသို့ စက်သုံးဆီများ ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အစည်းအဝေးတက်ရောက်လာသည့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ကာကွယ်တောစိုက်ခင်းများ ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

ရန်ကုန် မတ် ၃၁

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မန္တလေးတိုင်း ညောင်ဦးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများလိုက်ပါလျက် မတ် ၂၉ ရက်တွင် ညောင်ဦးမြို့နယ် ကျောက်ကူး ကာကွယ်တောစိုက်ခင်းဧက ၂၅၀ နှင့် ကြက်ဆူကြီးစိုက်ခင်း ငါးဧက စိုက်ပျိုးထားရှိမှုအခြေအနေများ၊ မြေသင်းတွင်း ကာကွယ်တောအတွင်းရှိ ၂၀၀၃-၂၀၀၄ ခုနှစ် ကျေးရွာ ထင်းစိုက်ခင်း ၄၄၄ ဒသမ ၃၅ ဧက၊ ကာကွယ်တောစိုက်ခင်း ၇၄ ဒသမ ၅၉ ဧက စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရန်လျာထားသည့် ကျေးရွာထင်းစိုက်ခင်း ၄၁၂ ဒသမ ၇၄ ဧက၊ ကာကွယ်တောစိုက်ခင်း ၆၇၇ ဒသမ ၇၇ ဧက မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ငါ့လင်းပုတ် ကာကွယ်တော၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စိုက်ပျိုးမည့် စိုက်ခင်း ၈၁၅ ဧက၏ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ စိုက်ခင်း တည်ထောင်မည့် ပျိုးဥယျာဉ်များ၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ မတ် ၃၀ ရက်တွင် မကွေးတိုင်း မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများလိုက်ပါလျက် မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင် တမာစိုက်ခင်းနှင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ထပ်မံစိုက်ပျိုးမည့် စိုက်ခင်း ၂၅၈ ဧက၏ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ စိုက်ခင်းဟောင်းများကို ရေလောင်းခြင်း၊ မြစ်ရေတင်ခြင်းလုပ်ငန်းများ၊ မြေပေါ်ကန်များ တူးဖော်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံပြီး စိုက်ပြီး စိုက်ခင်းများ ရှင်သန်အောင် အလေးထားဆောင်ရွက်ရေး၊ စိုက်ခင်းများ မီးမလောင်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိုးမကျမီ ယခင်နှစ် စိုက်ခင်းဟောင်းများကို ခါးဆွ မြေတောင်မြှောက်ပေးရေး၊ ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ခင်းမြေပြုပြင်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်းတို့ကို သတ်မှတ်ပုံစံ အရွယ်အစားအတိုင်း စနစ်တကျ တူးဖော်ရေး၊ ပျိုးပင်များ ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ၁၃၆၇ ခုနှစ် နယုန်လဆန်း ၇ ရက် (၁၃-၆-၂၀၀၅ ရက်) တနင်္လာနေ့မှ နယုန်လဆန်း ၁၁ ရက် (၁၇-၆-၂၀၀၅ ရက်) သောကြာနေ့အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာန များ၌ တစ်ပြိုင်တည်း ကျင်းပမည် ဖြစ်သည်။

စာမေးပွဲကျင်းပရက် ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည် ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များသို့ ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်ဇဝန (ပဲခူး) ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၃၁

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန (ပဲခူး) အရှင်သူမြတ်သည် ဧပြီ ၂၊ ၃ ရက်နှင့် ၄ ရက်တို့တွင် မိတ္ထီလာမြို့နယ် အင်အုန်းကျေးရွာ ပုဏ္ဏားဝင်းကျောင်း၊ ၇ ရက်တွင် သန်လျင် ကရင်ဆိပ်ရွာ အောင်မင်္ဂလာကျောင်း ဗုဒ္ဓပူဇနိယပွဲနှင့် ရဟန်းခံ ရှင်ပြုပွဲ၊ ၉ ရက်မှ ၁၇ ရက်အထိ ရေကူးမြို့မရိပ်သာ ခုနစ်ရက် တရားစခန်း၊ ၁၉ ရက်တွင် ပဲခူးမြို့ အဝိုင်းကျေးရွာ တရားစခန်းအောင်ပွဲ၌ တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထူးခြားသည့် နေ့အပူချိန်များ

၃၁-၃-၂၀၀၅

ဘားအံမြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မကွေးမြို့ ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း စတုတ္ထတန်း သင်ယူပြီး မြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးချစ်ခင်က ကျောင်းသားတစ်ဦးအား သင်ယူပြီး မြောက် ခြင်း လက်မှတ် ပေးအပ်စဉ်။
(မြန်မာ့အလင်း)

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပသည့် အမေရိကန်တို့ကို တိုက်ထုတ်ခဲ့သည့် နှစ်(၃၀)မြောက် နှစ်ပတ်လည် အခမ်းအနားမကျင်းပမီ ရိုးရာဝတ်စုံ ဝတ်ဆင်ထားသော ဗီယက်နမ်အမျိုးသမီးယဉ်ကျေးမှု အကအဖွဲ့ဝင်များကို မတ် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား သတင်းများ

တရုတ်-စင်ကာပူ အပြန်အလှန်ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းအဆင်ပြေစေရန် နှစ်နိုင်ငံစာချုပ် လက်မှတ်ရေးထိုး

ပေကျင်း မတ် ၃၀

တရုတ်နှင့်စင်ကာပူနိုင်ငံတို့သည် တရုတ်နိုင်ငံ၌ စင်ကာပူ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေစေရန်နှင့် အပြန်အလှန်အားဖြင့် တရုတ်ကုမ္ပဏီများ အဆင်ပြေစေရန်အတွက် သဘောတူချက်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြသည်။

အဆိုပါ သဘောတူချက်ကို စင်ကာပူပို့ဆောင်ရေးဝန်ကြီး ယော်ချော်တွန်နှင့် တရုတ်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ကျန်ချွန်ရှင်းတို့က ပေကျင်း၌ အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူ စာချုပ်အရ သဘော်ဖြင့် ကုန်စည်ပို့ဆောင်ရေး စင်ကာပူကုမ္ပဏီများသည် တရုတ်နိုင်ငံတွင် တစ်ဦးတည်းပိုင်ဆိုင်သော လက်ခွဲကုမ္ပဏီများကို ထူထောင်ခွင့် ရရှိကြမည်ဖြစ်သည်။

ထို့ပြင် ယင်းကုမ္ပဏီများသည် ကုန်စည်ပို့ဆောင်ရေးနှင့် ဆက်နွှယ်သော ဝန်ဆောင်မှုများဖြစ်သည့်သဘော် အေဂျင်စီ ဝန်ဆောင်မှုများ အပြင် ၎င်းတို့၏ ဖောက်သည်များနှင့် ဝန်ဆောင်မှုလုပ်ငန်း ကန်ထရိုက်များကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်မည် ဖြစ်သည်။

ပတ်ဝန်းကျင်ကောင်း

ယခုလုပ်ဆောင်ချက်သည် နှစ်နိုင်ငံသဘော်ဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့်ကုန်သွယ်မှုလုပ်ငန်း တိုးချဲ့ရန် ပိုမိုတိုးတက်မှုရှိမည်ဖြစ်ကာ သဘော်ဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးမည့်ပြင် နှစ်နိုင်ငံဈေးကွက်များသို့ ပို့ဆောင်ရေးကုမ္ပဏီများဝင်ရောက်ရန် ဖန်တီးပေးမည်ဖြစ်ကြောင်း တရုတ်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ကျန်ချွန်ရှင်းက ပြောကြားသည်။

စာချုပ်ချုပ်

တရုတ်နိုင်ငံသည် အဆိုပါ သဘောတူ စာချုပ်တစ်ရပ်ကိုအမေရိကန်ပြည်ထောင်စုအပြင် ဥရောပသမဂ္ဂတို့နှင့် ချုပ်ဆိုထားနှင့်ပြီးဖြစ်သည်။ အင်္ဂါနေ့က ချုပ်ဆိုလိုက်သည့် သဘောတူစာချုပ်သည် စင်ကာပူကုမ္ပဏီများအတွက် ပိုမိုကြီးမားသောဈေးကွက် ရရှိရန် နောက်ထပ် အခွင့်အလမ်းများ ပွင့်မည်ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

ဇင်ဘာဘွေနိုင်ငံ ဟွမ်ဂီမြို့တွင်းသို့ ဆင်များ ဝင်ရောက်ဖျက်ဆီး

ဟာရာရေး မတ် ၃၀

ပစ္စည်းဥစ္စာများနှင့် သီးနှံပင်များကို ဖျက်ဆီးနေသော အုပ်ကွဲဆင်များ မြို့တွင်းကိုဝင်လာကြပြီးနောက် ဇင်ဘာဘွေနိုင်ငံ၏မြို့တော် ဟာရာရေး၏ အနောက်ဘက်ကီလိုမီတာ ၈၀၀ခန့်ရှိ ဟွမ်ဂီမြို့နေလူထုမှာ ညဘက်များ၌ စိတ်ချလက်ချ အိပ်မရနိုင်ဘဲရှိကြကြောင်း ဆန်းဒေးနယူးစ်သတင်းစာက သတင်းဖော်ပြလိုက်သည်။

ရှာဖွေ

အဆိုပါဆင်များသည် သောက်သုံးရေရှာဖွေရာတွင် အမျိုးသားဥယျာဉ်မှနေ၍ ဝေးရာသို့သွားလာကာ ရေကို ရှာဖွေလျက် ရှိကြသည်ဟုဆိုသည်။

ဥယျာဉ်အတွင်း၌ ယခုအခါ စိမ်းလန်းသောသစ်ပင်များ ရှားပါးလာနေရာ ဆင်များသည် စိမ်းလန်းသောသစ်ပင်များရှိရာ လူနေဒေသများကို စိတ်ဝင်စားလာနေကြသည်ဟု ယူဆရသည်။

တုန်လှုပ်

အင်္ဂါနေ့ ညဘက်တွင် အမ်ပင်ဒါနီအမ်ပါလာဆိုသူသည် သူ၏အိပ်ခန်း ပြတင်းပေါက်မှ နှစ်မီတာအကွာ၌ ရောမဆင်ကြီးတစ်ကောင်ကို တွေ့လိုက်ရချိန်တွင် တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

သမ်ပါချင်ဒိုရိုဆိုသူ အခြားလူတစ်ဦးမှာလည်း ကြာသပတေးနေ့ ညဘက်၌ သရက်ပင်သုံးပင်ကို ဆင်များ၏ ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာအာဏာပိုင်များကို မေတ္တာရပ်ခံထားသည်။

ဆင်များရန်ကြောင့် အိပ်ရေးပျက်ရကြောင်းနှင့် မိမိတို့၏ အသက်များနှင့် သီးနှံပင်များအတွက် စိုးရိမ်ပူပန်ကြောင်း ချင်ဒိုရိုကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နီပေါ၌တီဘီရောဂါကြောင့် နှစ်စဉ်လူ ၅၀၀၀ကျော်သေဆုံး ရောဂါထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ခတ္တမန္ဒူ မတ် ၃၀

နီပေါနိုင်ငံတွင် နှစ်စဉ်လူ ၅၀၀၀မှ ၇၀၀၀ခန့် တီဘီရောဂါကြောင့် သေဆုံးနေရကြောင်း၊ သေဆုံးသူများမှာ အသက်(၁၅)နှစ်မှ (၅၄)နှစ်အတွင်း ရှိကြောင်း ဒေသဆိုင်ရာ သတင်းကြေညာချက်၌ ဖော်ပြသည်။

တီဘီရောဂါသည် နီပေါနိုင်ငံ၏ အဓိကကျန်းမာရေး ပြဿနာဖြစ်လာကြောင်း ခတ္တမန္ဒူ အခြေစိုက် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (အက်စ်အေအေအာရ်စီ) အဆုတ်ရောဂါကုသရေးဌာနက (၁၂၃)ကြိမ်မြောက် ကမ္ဘာ့တီဘီနေ့တွင် ပြောကြားသည်။

ကူးစက်ရန်ရှိ

ကမ္ဘာပေါ်တွင် နှစ်စဉ် တီဘီဖြစ်ပွားသူအသစ် ၂ဒသမ၄သန်းရှိရာ၌ တောင်အာရှဒေသတွင် ၂၇ဒသမ၄ရာခိုင်နှုန်းရှိကြောင်း၊ ယင်းတို့အထဲတွင် ၁ဒသမ၁သန်းခန့်မှာ အခြားသူများအား ကူးစက်ရန် အခြေအနေရှိသူများ ဖြစ်ကြောင်းသိရသည်။

ကုသ

တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု ဆိုသော(ဒေါ့)နည်းဗျူဟာ အသုံးပြု၍ ကုသခြင်းဖြင့် ဒေသ၏ တီဘီရောဂါ ထိန်းချုပ်ရေး တိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အဆိုပါ တီဘီရောဂါကုသရေးဌာနမှပေးပို့သော အချက်အလက်အရ တောင်အာရှ လူဦးရေ၏ ၈၇ရာခိုင်နှုန်းမှာ ဒေါ့နည်းဖြင့် ကုသရေးအစီအစဉ်ကို ၁၉၉၆ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှားနှင့်ကန် အာကာသယာဉ်မှူးနှစ်ဦး အာကာသ၌ လမ်းလျှောက်ခဲ့ကြ

မော်စကို မတ် ၃၀

အာကာသယာဉ်မှူးနှစ်ဦးသည် စီစဉ်ထားသည်ထက်စောပြီး အာကာသထဲ၌ လမ်းလျှောက်ပြီးစီးခဲ့သည့်အပြင် နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်၌ ပထမဆုံး ဥရောပကုန်တင်အာကာသယာဉ် ချိတ်ဆက်နိုင်ရန် ပစ္စည်းကိရိယာများကို တပ်ဆင်ပေးခဲ့သည်ဟု အာကာသလုပ်ငန်း ထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

ရုရှားအာကာသယာဉ်မှူးဆာလီဇန်ရှာရီပေါ့ဗ်နှင့် အမေရိကန်အာကာသယာဉ်မှူး လီရွိုင်ချီအိုတို့နှစ်ဦးသည် အာကာသစခန်းယာဉ် အပြင်ဘက်တွင် ခြောက်နာရီကြာနေရန် စီစဉ်ခဲ့သော်လည်း မိနစ် ၉၀စောပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နှစ်ဦးအား စစ်ဆေးရှာဖွေနေသည်ကို မတ် ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ရစ်ချ်တာစကေး ၈ ဒသမ ၇ ရှိ ငလျင်လှုပ်ခဲ့ပြီးနောက် ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်ထပ်မံလှုပ်သွားပြန်

ဘန်ဒါအာချေး မတ် ၃၁

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနီး မီဒန်မြို့ အနောက်တောင်ဘက် မိုင်၁၅၀အကွာ၌ တနင်္လာနေ့က ရစ်ချ်တာစကေး ၈ဒသမ၇ရှိသော အင်အားပြင်းငလျင်တစ်ခု လှုပ်သွားခဲ့ရာ လူပေါင်း ၂၀၀၀ခန့် သေဆုံးဖွယ်ရှိကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအဖွဲ့ ဒုတိယညှိနှိုင်းရေးမှူး မာဆွတ်ဟိုင်ဒါက ပြောကြားရာတွင် ယင်းငလျင်ကြောင့် လူပေါင်း ၅၁၈ဦး သေဆုံးသွားကြောင်း အတည်ပြုပြောကြားသည်။

ခန့်မှန်း

ဆူမားတြား မြောက်ပိုင်းအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် လူပေါင်း ၁၀၀၀ခန့်သေဆုံးမည်ဟု ခန့်မှန်းထားကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ပြိုကျပျက်စီးနေသောဆိုင်များ၊ အိမ်များနှင့်အုတ်ပုံများကြားမှ သေဆုံးသူများ၏ ရုပ်အလောင်းများကို ဆွဲထုတ်ဖယ်ရှားလျက်ရှိကြောင်း ပြောကြားသွားသည်။

ထပ်မံလှုပ်

ဆူမားတြားကျွန်းအနောက်ဘက်ကမ်းခြေ၌ ယမန်နေ့ညပိုင်းက ရစ်ချ်တာစကေး ၆ဒသမ၃ရှိ ငလျင်တစ်ခု ထပ်မံလှုပ်သွားခဲ့ပြန်ရာ ပျက်စီးဆုံးရှုံးမှုများ မသိရသေးဟုဆိုသည်။

ဆောင်ရွက်ပေး

အဆိုပါ ငလျင်လှုပ်ရာဒေသသို့ အင်ဒိုနီးရှား ကယ်ဆယ်ရေးအဖွဲ့များ၊ ဩစတြေးလျဆေးအဖွဲ့၊ စင်ကာပူမှ ရဟတ်ယာဉ်သုံးစင်း၊ ကုလသမဂ္ဂဆေးဘက်ဆိုင်ရာ သဘော်၊ နိုင်ငံခြားစေတနာရှင်ကူညီရေးတပ်ဖွဲ့များ လာရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

အီရတ်တွင် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရမှု ဘူဂေးရီးယား ဗိုလ်မှူးကြီးတစ်ဦး အရေးယူခံရဖွယ်ရှိနေ

ဆိုဖီယာ မတ် ၂၉

ယခုလအစောပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ အီရတ်တွင်ရှိသော ဘူဂေးရီးယားတပ်ဖွဲ့များ၏ အကြီးအကဲတစ်ဦးအား အပြစ်ပေးအရေးယူဖွယ်ရှိကြောင်း ဘူဂေးရီးယားကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် ယခုမတ်လ ၄ရက်၌ နေ့ကင်းလှည့်နေသော ဘူဂေးရီးယားတပ်ဖွဲ့ဝင် ဂါဒီဂေါ်ဒပ်သည် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ယင်းကဲ့သို့ဖြစ်ပျက်ခဲ့မှုကြောင့် အီရတ်တွင်ရှိသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ၏ အကြီးအကဲဗိုလ်မှူးကြီး ဂီနိုခိုစကီမှာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အားနည်းမှုကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း ဘူဂေးရီးယားစစ်ဘက်က ပြောကြားသည်။ သို့ရာတွင် ဗိုလ်မှူးကြီးဂီနိုခိုစကီကို ပြန်လည်ခေါ်မည်ဟူသောကိစ္စရပ်နှင့် ပတ်သက်၍ ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီး နီကိုလိုင်စဗီနာရော့ဗ်ကပြောကြားရန် ငြင်းဆိုခဲ့သည်။ အီရတ်ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များမှာ ၂၀၀၃ခုနှစ် မတ်လမှစတင်ကာ ယခုအချိန်အထိ ရှစ်ဦးသေဆုံးခဲ့ရပြီးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နွေစပါးစိုက်ကွင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန် အောင်ရေလုံလောက်စွာပေးဝေနိုင်ရေးမှာကြား

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်း တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့်လှည်းကူးမြို့နယ် အစပ် ရန်ကုန်–ပဲခူး ခြောက်လမ်းသွားလမ်းမကြီးနှင့် အမှတ် (၃) လမ်းဆုံအနီး၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေဧက ၈ဝသို့ သွားရောက်၍ လယ်မြေအတွင်းနွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် လယ်မြေဧက ၈ဝအတွင်း ဧည့်မထစော၊ ရွှေနံ့သာ ၉၊ ဒဂုံသီရိ၊ ရေဆင်း ၃ စသည့်အထွက်ကောင်း၊မျိုးကောင်း နွေစပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိစေရေးအတွက် ဧည့်မထစောစပါးမျိုးအား ပျိုးသက်ငယ်၊ ကောက်ကွက်နှင့် လက်ဆအမျိုးမျိုး စမ်းသပ်စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ခင်းများအတွင်း စိုက်ပျိုးရေအလုံအလောက်ပေးသွင်းလျက်ရှိသည့်အခြေအနေကိုလည်းကောင်း၊ လယ်မြေပေါင်များ တစ်လျှောက်စားပင်၊ သီးပင်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်တာဝန်ရှိသူများက ဘားလားဒေသ၊ ဆင်ဖုံဒေသအတွင်းရှိ လယ်မြေများ စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် နွေစပါးပန်းတိုင် အထွက်နှုန်းရရှိစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဘားလားဒေသ လျှပ်စစ်ရေတင် စီမံကိန်းအရ ဘားလားတူးမြောင်းကိုဖြတ်၍ လယ်မြေဧက ၇၀၀စိုက်ပျိုးရေပေးဝေနိုင်ရေး၊ ရေငြိမ်ကန်၊ ပင်မမြောင်းမြေဖို့ပြီးစီးမှု၊ အရှည်ပေ ၇၁၀၀ရှိ လက်တံမြောင်းအမှတ်(၁) ပြီးစီးမှု၊ ရေတင်စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘားလားဒေသ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အောင်ရေလုံလောက်စွာ ပေးဝေနိုင်ရန်နှင့် စိုက်ပျိုးရေပိုမိုတိုးချဲ့ပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေ ၆၁ဧကသို့ ရောက်ရှိလာပြီး လယ်မြေအတွင်း နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လယ်မြေအတွင်း (CNG) သဘာဝဓာတ်ငွေ့သုံး ရေတင်စက်များဖြင့် အောင်ရေပေးသွင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေး

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက နွေစပါးတစ်ဧက အထွက်နှုန်းတင်း ၁၀၀ပြည့်မီ ကျော်လွန်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပိုင်တစ်နိုင်စိုက်ပျိုး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဘားလားဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃ဝပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး ဇုန်ဧရိယာအတွင်းတည်ရှိနေသဖြင့် ဒေသတစ်ခုလုံး အမြဲစိမ်းလန်းစိုပြည်နေစေရေး၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံနှင့် စီးပွားဖြစ်သီးနှံများ ရာသီမလပ် စိုက်ပျိုးကြရန်နှင့် လယ်မြေပတ်ဝန်းကျင် မြေလွတ်၊ မြေလပ်များ၌ စားပင် သီးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရန်မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

တပ်မတော်စိုက်ပျိုးရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၃၁

ကာကွယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးတွဲဖွင့်လှစ်သော တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၅၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာန ဆရာစံခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသားများအား ထူးချွန်ဆု များနှင့် သင်တန်းဆင်းလက်မှတ်များကို ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးက ချီးမြှင့်သည်။

သင်တန်းသို့ တပ်မတော်(ကြည်း)မှ သင်တန်းသား ၁၂၅ဦး တက်ရောက် ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်ခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း (CAFIU) မှ အကြံပေးပုဂ္ဂိုလ် Mr. Cai Wu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအသင်းအကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း (CAFIU) မှ အကြံပေးပုဂ္ဂိုလ် Mr. Cai Wu နှင့်အဖွဲ့သည် ယနေ့ညနေ၅နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်သို့ လာရောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံလူငယ်အသင်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီးချုပ်ရုံး ဝန်ကြီးဦးသန်းရွှေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြိတ်ရတနာ့ဂုဏ်ရည်ရိပ်သာ သင်္ကြန်တွင်း တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

မြိတ်မြို့ ရွှေပေးလမ်းမ ရတနာ့ဂုဏ်ရည်ရိပ်သာ၌ (၁၀)ကြိမ်မြောက် ကိုးရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် ဧပြီ၁၁ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန်နှင့် ယောဂီဦးရေ ၁၀၀ ခန့်သာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဝါးခယ်မ မြို့နယ်အသင်း (ရန်ကုန်) ၏ (၅၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် ထူးချွန်သူများအား ဂုဏ်ပြုပွဲကို မတ်၂၀ရက်က သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပရာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးစောကြိုင်ကအသက်အကြီးဆုံး အဘိုး ဦးဘသင်(၁၀၁)နှစ်အား ကန်တော့ငွေများလှူဒါန်းစဉ်။ (က–ပ)

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သော ရောဂါများသည် ရောဂါပိုးများ ပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့် အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်။

(က) မသန့်ရှင်းသည့် လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း၊
(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း၊
(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း၊
(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာများနှင့် နီးကပ်စွာ တည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း

သို့ပါ၍ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမှကာကွယ်နိုင်ရန်–

- ရေကိုကျိုချက်၍ သောက်ပါ၊ ယင်နားစာများ မစားပါနှင့်၊ ယင်လုံအိမ်သာ အသုံးပြုပါ၊
- အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ၊
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ၊ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ကုသမှု ခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားများ တိုင်းစစ်ဌာနချုပ်များ၌ကျင်းပ စစ်ရေးပြစစ်ကြောင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်ပြီး ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှဦးစီး အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီတက်အလေးပြု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြစစ်ကြောင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမဆောင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် အထူးဆုရရှိကြသူများအား တိုင်းမှူးက ဆုများချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

မိန့်ခွန်းပြောကြား

အလားတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကို မတ်၂၇ ရက် နံနက် ၇ နာရီတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက် မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး ဆုရစစ်ကြောင်း တပ်ခွဲများအား ဆုများချီးမြှင့်သည်။

ယင်းနောက်စစ်ရေးပြစစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မြဝတီရိပ်သာရှေ့ မြက်ခင်းပြင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ညစာစားပွဲကို ကျင်းပရာ တိုင်းမှူးက တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့်ပြိုင်ပွဲတို့တွင် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ထို့အတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက် မိန့်ခွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်း ပြောကြားပြီး စစ်ရေးပြစစ်ကြောင်းတပ်ခွဲများက တိုင်းမှူးအား အလေးပြုကြ၍ စစ်ရေးပြကွင်း အတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ပြခန်းများကြည့်ရှု

ယင်းနောက် တိုင်းမှူးသည် စစ်ရေးပြဆုရ စစ်ကြောင်းတပ်ခွဲများအား ဆုများချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာမြက်ခင်းပြင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၃၁

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ချောက်မြို့နယ် ငွေးချိုရွာ ဗမ္မာ့အေး မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥတ္တမသာရအား ချီးကျူးပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ချောက်မြို့နယ်အသင်း (၁၉)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်သူ နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်တပေါင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

၁-၄-၂၀၀၅

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၇။ လဂွမ်းပြင်ရေလှောင်တမံ
၈:၂၀ ၈။ ခါသကြိမ်အဆိုအကများ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၄၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၈:၀၀ ၉။ ခါသကြိမ်အဆိုအကများ
၁၈:၁၅ ၁၀။ Discovery
၁၈:၂၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၂၀)
၁၉:၃၅ ၁၅။ မြန်မာတိုင်း ကျွမ်းကျင်စေရာ မြန်မာ့သိုင်းပညာ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှုးညံ့သိမ်မွေ့တဲ့ အချစ်အကြောင်း"** (အပိုင်း-၂) လူမင်း၊ ဝိုင်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-မောင်သီ)
၂၀။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

အနန္တဂုဏ်အင် ကျေးဇူးရှင်များကန်တော့ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ရတနာသုံးပါးနှင့်တကွ အနန္တဂုဏ်အင် ကျေးဇူးရှင်များအား (၃၁)ကြိမ်မြောက် ရည်စူးကန်တော့ပွဲအဖြစ် ရန်ကုန်(အနောက်ပိုင်း)ခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် မြနန္ဒာလမ်း အမှတ်(၇)တွင် ကန်တော့ပွဲကျင်းပရေး ကော်မတီကကြီးမှူး၍ ဧပြီ ၂ ရက် ညနေပိုင်းတွင် သုစိတ္တာရုံကျောင်းတိုက်၊ လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဝေပုလ္လကျောင်းတိုက်နှင့် သာသနာ့ပါရဂူကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီးနောက် ပူဇော်ကန်တော့ပွဲကျင်းပခြင်း၊ ၃ ရက်တွင် ပင့်သံဃာတော်အပါး ၁၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့် တရားနာရေစက်ချခြင်း အစီအစဉ်များဖြင့် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

တပ်မတော်နေ့ စာပေအနုပညာပြပွဲဆက်

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများ၊ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲ၌ နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲဆိုင်ရာ ဉာဏ် စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ် ကျင်းပလျက်ရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း(တီတီစီ) (၁၉၈၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို မတ် ၂၄ ရက်က အဆိုပါကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ဆရာ၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

မတ် ၁၈ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း မဥ္ဇူသကခန်းမတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက ကျောင်းသူ မစုလဲ့ဒါလီအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (၃၄၉)

မြန်မာ့ယဉ်ကျေးမှုသကြိန်

* အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြိန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်တစ်နှစ်
၂။ ကစားသူ - ထောင်သုံးနှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပသွားနိုင်သည်နှင့်အမျှ ပြည်သူများလိုလားတောင့်တသည့် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်သစ် ပို၍နီးကပ်လာပြီ

✻ ကျောဖုံးမှ

(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြ သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှနိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦး ရှိပြီး ၁၀၇၃ဦးတို့တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၂၆ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ၌–

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ပြီး ပြန်လည်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အနက် အမျိုးသားညီလာခံနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံသို့ အင်တိုက်အားတိုက် တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံတွင်လည်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ဆက်ဆံကြကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြသည့်အတွက် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်းကို ပဏာမပြောကြားလိုကြောင်း။

၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖတ်ကြားတင်ပြခဲ့ကြသည့် အကြံပြုချက်များအပေါ် အလှည့်ကျသဘာပတိ အဖွဲ့က လေ့လာစုစည်းပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြခဲ့ကြောင်း။

ပူးပေါင်းဆောင်ရွက်

အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းတင်ပြချက်များအရ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကောင်းမွန်သင့်မြတ်သည့် အကြံပြုချက်များဖြစ်သည်ကို တွေ့ရှိရသည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့် မသင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း။

ယင်းကဲ့သို့ တင်ပြခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အသေးစိတ်အခြေခံမည့်မူများ ချမှတ်နိုင်ခဲ့ခြင်းသည် ညီလာခံကိုယ်စားလှယ်များက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ပင် ဖြစ်ကြောင်း။

၂၀၀၅ ခုနှစ် မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခန်းများတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကို ဖတ်ကြားတင်ပြခဲ့ကြောင်း။

ဖတ်ကြားတင်သွင်း

လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက် စာတမ်းများကို ပြုစုပြီး ၂၀၀၅ခုနှစ် မတ် ၂၁ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ ခုနှစ် မတ် ၂၃ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်အဝေး၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၅ခုနှစ် မတ် ၂၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌လည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၂၈ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌လည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၅ခုနှစ် မတ် ၂၉ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်း အဝေး၌လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၅ခုနှစ် မတ် ၃၀ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဖြစ်ကြောင်း။

ကိုယ်စားလှယ်များအစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်များတွင် လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည် ဆွေးနွေးပြီးကျိုးကြောင်းဖော်ပြထောက်ခံတင်ပြကြသကဲ့သို့ဒို့တာဝန်အရေးသုံးပါး ပါဝင်သည့် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ ၁၀၄ ချက်၏ မူဘောင်အတွင်းက မိမိတို့၏ အတွေ့အကြုံများအပေါ်တွင်မူတည်၍ သီးခြား အကြံပြုချက်များကိုလည်း အကျိုးအကြောင်းဖော်ပြလျက် တင်ပြထားကြကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းအကြံပြုချက်များကို အလှည့်ကျသဘာပတိ အဖွဲ့ဝင်များက လေ့လာပြီး ကဏ္ဍအလိုက် ကောက်နုတ်စုစည်းကာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရန်ရှိကြောင်း။

ပြန်လည်ခေါ်ယူ

ယင်းကဲ့သို့ သဘာပတိအဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ညီလာခံကိုယ်စားလှယ်များလည်း အားလပ်နေမည် ဖြစ်သည့်အတွက်ကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများသည် မိမိတို့ရပ်ဆိုင်းထားခဲ့ရသည့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန်အလို့ငှာ

စာမျက်နှာ ၈ ကော်လံ ၁ သို့

မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးထိုးဖောက်မည့်အဖျက်သမားလုပ်ရပ် ၅၄ သန်းကျော် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖယ်ရှား ချေမှုန်း

နိုင်ငံတော်အတွက် မိမိတို့၏ လက်တွေ့ကြိုးပမ်းဆောင်ရွက်ချက်များသည် အပြုသဘောဆောင်သည့်သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်များဖြစ်၊ ယင်းကဲ့သို့ အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များနှင့် ယနေ့နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများကို ဝမ်းသာဂုဏ်ယူပြီး ဝိုင်းဝန်းကူညီကြရမည့်အစား မုဒိတာမပွားနိုင်ကြဘဲ မလိုမုန်းထားစိတ်ဖြင့် ဘယ်သူသေသေ ငတေမာရင်ပြီးရော၊ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီး ထိုးဖောက်မည်ဆိုသည့် ပြည်တွင်းပြည်ပမှ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို စက်ဆုပ်ရွံရှာမုန်းတီးနေကြသော ၅၄သန်းကျော်သော ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖယ်ရှား သုတ်သင်ချေမှုန်းသွားကြရမည်။

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆို
ညီလာခံကိုယ်စားလှယ်ကြီးများ၏ ဆွေ

စသော ကဏ္ဍကြီး(၁၁)ရပ်၌ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရမည့် အသေးစိတ်အခြေခံရမည့်မူများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရမည့် အသေးစိတ်အခြေခံရမည့်မူများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထည့်သွင်းရမည့် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ အထက်က မိမိတင်ပြခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ရုံသာမက ယခုဆိုလျှင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက်ပါ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိတင်ပြချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံ

စာမျက်နှာ ၇ မှ

တစ်ကြောင်း၊ ရာသီဥတုကလည်း ပူပြင်းလာပြီဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့၏လေ့လာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေးအတွက်ကြောင့် တစ်ကြောင်းတို့ကြောင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့မှစတင်၍ ခေတ္တရပ်နားထားကာ ယခုနှစ်မကုန်မီ စိုက်ရေးပျိုးရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းများ ခေတ္တပါးသည့်အချိန်တွင် အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူသင့်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည့်အခါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်အများစု၏ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်သည့်အပြင် လွှတ်တော်များလုပ်ငန်းဆက်သွယ်ဆောင်ရွက်မှု၊ နိုင်ငံတော်အကြီးအကဲနှင့် လွှတ်တော်များဆက်သွယ်မှုနှင့် လွှတ်တော်အသီးသီးတွင် ဥပဒေကြမ်းများတင်သွင်းမှုတို့နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းခေါင်းစဉ်များတွင် ဖွဲ့စည်းမှုအပိုင်း၊ အာဏာခွဲဝေမှုအပိုင်းနှင့် လွှတ်တော်များလုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း သုံးပိုင်းခွဲခြားပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်လျက်ရှိကြောင်း၊ ထိုအပိုင်းသုံးပိုင်းအနက် ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးဖြစ်ကြောင်း၊ အာဏာခွဲဝေမှုအပိုင်းတွင်ပါရှိသည့် ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကိုလည်း ချမှတ်ပြီးဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို တင်ပြကြပြီးဖြစ်ကြောင်း၊ လွှတ်တော်များလုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန်ရှိမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးပါက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးမည်ဖြစ်ကြောင်း။

တင်ပြရန်ရည်ရွယ်

ထို့ကြောင့် မိမိအထက်ကတင်ပြထားသည့်အတိုင်း နောက်တစ်ကြိမ်ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လွှတ်တော်များလုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းကို ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် တင်ပြမည်ဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်များက အဆင်ပြေချောမွေ့စွာ အကြံပြုနိုင်ရေးအတွက် လုပ်ငန်းပမာဏကိုချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များ၏ အစီအစဉ်အတိုင်း ခေါင်းစဉ်အချို့ကို လိုအပ်သကဲ့သို့တင်ပြသွားရန် ရည်ရွယ်ထားကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏အကြံဉာဏ်ကောင်းများပေးနိုင်ရေးအတွက် ကြိုတင်လေ့လာသင့်သည့် အကြောင်းအရာများကို ကြိုတင်လေ့လာထားကြပါရန်တိုက်တွန်းရင်း မိမိ၏တင်ပြချက်ကို နိဂုံးချုပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများနှင့်တကွ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှတာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်းနှင့် သန့်စင်မွန်မြတ်လှသည့် အမျိုးသားရေးတာဝန်များကို ဆတက်ထမ်းပိုးတိုးပြီး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အောင်မြင်အောင်ဆောင်ရွက်နိုင်

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်က စတင်ပြီး ကျင်းပလာခဲ့ကြသည့် အမျိုးသားညီလာခံအစည်းအဝေးကြီးသည် ယခုဆိုလျှင် နှစ်လနီးပါးခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ဤကာလအတွင်းတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်သိသိ တက်ညီလက်ညီ ကြိုးပမ်းပါဝင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းများ မျှော်မှန်းသည်ထက်ပိုပြီး အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစည်းအဝေး တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)



ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကိုယ်စားလှယ်ကြီးများအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်က ပေးအပ်လာသော တာဝန်ကို မညည်းမညူ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကိုယ်စားလှယ်ကြီးများကို အထူးပင်ကျေးဇူးတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

အခြေခံမူများချမှတ်နိုင်

ယခုတစ်ကြိမ် ပြုလုပ်သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီး၌ ပြီးခဲ့သော ၂၀၀၄ခုနှစ် မေ၁၇ရက်မှ ဇူလိုင်၉ရက်အထိ ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပြုခဲ့ကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင်ချမှတ်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကအကျဆုံးဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော ခက်မသုံးဖြာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းသည် အလွန်မှ ခက်ခဲနက်နဲကျယ်ဝန်းပြီး ဝိဝါဒကွဲပြားစရာများများစွာ ရှိနိုင်ကြောင်း၊ သို့သော်လည်း ကိုယ်စားလှယ်ကြီးများအနေဖြင့် တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုး၏ အကျိုးထက် တိုင်းရင်းသားအားလုံး၏အကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို ဦးစားပေးပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းထောက်ခံအကြံပြုခဲ့ကြသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ–

(၁) နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ
(၂) နိုင်ငံခြားရေးကဏ္ဍ
(၃) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ
(၄) စီးပွားရေးကဏ္ဍ
(၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ
(၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ
(၇) စက်မှုလက်မှုကဏ္ဍ
(၈) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ
(၉) လူမှုရေးကဏ္ဍ
(၁၀) စီမံခန့်ခွဲရေးကဏ္ဍ
(၁၁) တရားစီရင်ရေးကဏ္ဍ

ရမည့်မူများ ချမှတ်ရန် သင့် မသင့်တို့ကို ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြုချက်အပေါ် အစုအဖွဲ့အလိုက်စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြပြီးဖြစ်ကြောင်း။

၂၀၀၅ခုနှစ်ကုန်ခန့်တွင်ပြန်လည်ကျင်းပမည်

ညီလာခံကိုယ်စားလှယ်ကြီးများ ဖတ်ကြားတင်သွင်းသွားသည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ပတ်သက်ပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြုတင်ပြချက်များကို အလှည့်ကျသဘာပတိအဖွဲ့အနေဖြင့် အသေးစိတ်လေ့လာဖတ်ရှုပြီး စာတမ်းများအချိန်ယူပြုစုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကစပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားမည်ဖြစ်ကြောင်း၊ မကြာခင်ရက်ပိုင်းအတွင်းတွင် နှစ်သစ်ကူးတော့မည်ဖြစ်ပြီး နှစ်သစ်ကူးပြီးသည်နှင့် ညီလာခံကိုယ်စားလှယ် တောင်သူလယ်သမားကြီးများအနေဖြင့် မိုးရာသီစိုက်ချိန်၊ ပျိုးချိန်ကို ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားကြီးများ စိုက်ချိန်၊ ပျိုးချိန် မထိခိုက်စေရအောင်နှင့် ကျန်ရှိသည့်ပုဂ္ဂိုလ်များလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများ မထိခိုက်မနစ်နာစေရအောင် နောက်တစ်ကြိမ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း။

ယခုအမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများချမှတ်နိုင်ရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းတင်ပြချက်များကို ညီလာခံကိုယ်စားလှယ်ကြီးများသာမက ပြည်သူတစ်ရပ်လုံးပါသိရှိရအောင် နေ့စဉ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့၌ ထုတ်လွှင့်ပြသပေးခဲ့ခြင်းဖြစ်၍ ယခုအခါတွင် ပြည်သူများအနေဖြင့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးမည့် အနာဂတ်မြန်မာနိုင်ငံတော်၏အသွင်သဏ္ဌာန်ကိုမှန်းဆ၍ ရနေကြပြီဖြစ်ကြောင်း။

သိရှိနေကြပြီ

စစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးမည့် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ပြည်နယ်နှင့်

...င်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး ...း၏ ဆွေးနွေးအကြံပြုချက်များကို အလှည့်ကျသဘာပတိအဖွဲ့ကလေ့လာပြီး စာတမ်းများအချိန်ယူပြုစုရမည်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၊ ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအပြင် ပြည်ထောင်စုနယ်မြေများဖြစ်သည့် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်တို့အတွက် အုပ်ချုပ်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်ကောင်စီက စီမံကွပ်ကဲအုပ်ချုပ်သွားမည်ဖြစ်ကြောင်းကို သိရှိနေကြပြီဖြစ်ကြောင်း။

ယခုကိုယ်စားလှယ်အများအပြားက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက စိစစ်ပြီး အမျိုးသားညီလာခံကျင်းပရေး

ကော်မရှင်၏ အတည်ပြုချက်ကိုရယူကာ နောက်တစ်ကြိမ်ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီး၌ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သွားမည်ဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသွားသည့်အတိုင်း နောက်တစ်ကြိမ်ကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းအတွက် ဆွေးနွေးအကြံပြုရမည့်လုပ်ငန်းပမာဏကို ချင့်ချိန်ပြီး လိုအပ်လျှင် လိုအပ်သကဲ့သို့ ကျန်အခန်းခေါင်းစဉ် အချို့တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်ကြီးများ အလွယ်တကူ စဉ်းစားဆွေးနွေးအကြံပြုနိုင်အောင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကို ချပြပြီး ညှိနှိုင်းဆွေးနွေး အတည်ပြုဆုံးဖြတ်သွားကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပသွားနိုင်သည်နှင့်အမျှ ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်သည်လည်း ပို၍ပို၍ နီးကပ်လာနေပြီဖြစ်ကြောင်း။

ဝိုင်းဝန်းဖယ်ရှား

နိုင်ငံတော်အတွက် မိမိတို့၏ လက်တွေ့ကြိုးပမ်းဆောင်ရွက်ချက်များသည် အပြုသဘောဆောင်သည့် သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း၊ ယင်းကဲ့သို့အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များနှင့် ယနေ့နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများကို ဝမ်းသာဂုဏ်ယူပြီး ဝိုင်းဝန်းကူညီကြရမည့်အစား မုဒိတာမပွားနိုင်ကြဘဲ မလိုမုန်းထားစိတ်ဖြင့် ဘယ်သူသေသေ ငတေမာရင်ပြီးရော၊ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးထိုးဖောက်မည်ဆိုသည့် ပြည်တွင်း ပြည်ပမှ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို စက်ဆုပ်ရွံရှာမုန်းတီးနေကြသော ၅၄သန်းကျော်သော ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖယ်ရှား သုတ်သင်ချေမှုန်း သွားကြရမည်ဖြစ်ကြောင်း။

ဤညီလာခံကြီး အောင်မြင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ကြသည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှပုဂ္ဂိုလ်များနှင့် နိုင်ငံတော်ကပေးအပ်လာသည့်တာဝန်ကို တာဝန်သိသိဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသော ပြည်သူများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်လုံခြုံရေးအဖွဲ့များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ အကူအညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်က ပြန်လည်စတင်ကျင်းပခဲ့သည့် ယခုအမျိုးသားညီလာခံအပိုင်းသည် မကြာခင်တွင်ပင် အောင်မြင်စွာပြီးစီးတော့မည်ဖြစ်ကြောင်း၊ အောင်မြင်စွာပြီးစီး၍ ညီလာခံခေတ္တရပ်နားချိန်တွင် ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့နေရပ်ဒေသများကို ပြန်ကြတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပြန်ကြရာတွင် ပို့ဆောင်ရေး၊ သွားလာရေးစသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများ အစစအရာရာ အဆင်ပြေအောင် ကော်မရှင်အနေဖြင့် အဘက်ဘက်က ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကိုယ်စားလှယ်ကြီးများသိရှိအောင် ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်ကြီးများအနေဖြင့် ခရီးအနီးအဝေး၊ သယ်ယူပို့ဆောင်ပေးနိုင်မှုစသည့် အခြေအနေများအပေါ်မူတည်ပြီး ညီလာခံပြီးဆုံးသည့် ယနေ့မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ဧပြီ ၁ရက်တွင် လည်းကောင်း၊ ဧပြီ ၂ရက်တွင် လည်းကောင်း ညောင်နှစ်ပင်စခန်းက ပြန်လည်ထွက်ခွာနိုင်အောင် စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်ကြီးများ မိမိတို့နေရပ်ဌာနေကို ပြန်ကြရာတွင်လည်း ကိုယ်စားလှယ်ကြီးများ၏ စိတ်တိုင်းကျ အဆင်အပြေဆုံးဖြစ်အောင် လေယာဉ်ဖြင့်သွားရမည့်နေရာကို လေယာဉ်ဖြင့်လည်းကောင်း၊ ရထားဖြင့်သွားရမည့်နေရာကို ရထားဖြင့်လည်းကောင်း၊ ကားဖြင့်သွားမှ အဆင်ပြေမည့်နေရာကို ကားဖြင့်လည်းကောင်း သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

လေယာဉ်နှင့် ရထားလက်မှတ်များကိုလည်း မတ် ၂၉ရက် ညနေကတည်းက စတင်စီစဉ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကားဖြင့်ပြန်ကြရမည့် ကိုယ်စားလှယ်ကြီးများအတွက်လည်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သွားရောက်မည့် ခရီးစဉ်အသေးစိတ်ကိုလည်း သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီက ကိုယ်စားလှယ်ကြီးများကို အသိပေးထားပြီးဖြစ်၍ ယင်းအစီအစဉ်များအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်များအတိုင်း သွားကြရာတွင် မလိုလားအပ်သော ချို့ယွင်းအားနည်းချက်များ မဖြစ်စေရေးအတွက် မော်တော်ယာဉ်ညခရီးစဉ်များကိုမူ ကန့်သတ်ထားကြောင်းကို အသိပေးလိုကြောင်း။

ထို့အပြင် မိမိတို့ ကိုယ်ပိုင်ယာဉ်များဖြင့် ပြန်ကြမည်ဆိုလျှင်လည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏အဝတ်အစား စသည့်ပစ္စည်းများ သယ်ယူရာတွင်လည်း ပိုမိုလွယ်ကူအောင် မိမိတို့၏ ကိုယ်ပိုင်ယာဉ်များ ပြည်နယ်၊ တိုင်းအလိုက်ယာဉ်များကို အိပ်ဆောင်အထိ ခေါ်ယူခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့သော်လည်း စနစ်တကျရှိစေရေးနှင့် လုံခြုံရေးတို့အတွက် အိပ်ဆောင်အထိဝင်မည့် ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊ တိုင်းအလိုက်ယာဉ်များသည် ယာဉ်အမှတ်၊ အမျိုးအစားတို့ကို စီမံခန့်ခွဲမှုကော်မတီထံ တင်ပြခွင့်ပြုချက်ရယူပြီး စစ်ဆေးရေးဂိတ်၌ လုံခြုံရေးအတွက် စစ်ဆေးခံပြီးမှ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ဝန်းကျင်၌ နေထိုင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် ကော်မရှင်က စီစဉ်ပေးသောယာဉ်ဖြင့် စီးနင်းလိုက်ပါမည်ဆိုလျှင်လည်း စီးနင်းလိုက်ပါနိုင်အောင် စီစဉ်ထားရှိကြောင်း။

ကူညီပံ့ပိုးပေး

ကိုယ်စားလှယ်ကြီးများ လေယာဉ်၊ ရထားနှင့် ကားလမ်းဆုံးများသို့ ရောက်ရှိပြီးသည့်နောက် မိမိတို့နေရပ်ကို ခရီးဆက်ရာတွင်လည်း ခရီးစဉ်ချောမွေ့စေရန် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအသီးသီးက ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ကော်မရှင်က မေတ္တာရပ်ခံ အကြောင်းကြားထားပြီးဖြစ်ကြောင်း။

ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက်ကုသနေကြရသော ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့ ကျန်းမာရေး ကောင်းမွန်သက်သာ၍ မိမိတို့ဌာနေ မိသားစုထံပြန်လိုပါကလည်း ပြန်နိုင်ကြပါကြောင်း၊ အကယ်၍ ကျန်းမာရေးမကောင်းသေးသည့်အတွက် ဆက်လက်ဆေးကုသမည်ဆိုလျှင်လည်း လက်ရှိ တပ်မတော်ဆေးရုံကြီးများ၌ပင် ဆက်လက် ကုသပေးထားမည်ဖြစ်ကြောင်း။

ပြန်လည်ထုတ်ပေးမည်

ညီလာခံကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေးနှင့်ညီလာခံကြီးတစ်ခုလုံး လုံခြုံရေးတို့အတွက် ကိုယ်စားလှယ်ကြီးများ ညောင်နှစ်ပင်စခန်းကို စရောက်သည့်အချိန်ကစပြီး ညီလာခံကိုယ်စားလှယ်စိစစ်ရေးကတ်နှင့်ညီလာခံရင်ထိုးတံဆိပ်တို့ကို ထုတ်ပေးထားခဲ့ကြောင်း၊ ယခုညီလာခံခေတ္တရပ်နားပြီး နေရပ်ပြန်ကြမည် ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်စိစစ်ရေးကတ်ပြားများကိုလုံခြုံရေးဆပ်ကော်မတီက အဆောင်များ၌ လိုက်လံသိမ်းဆည်းမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ကြီးများ နောက်တစ်ကြိမ် ညီလာခံတက်ရန် ညောင်နှစ်ပင်စခန်းကို ပြန်ရောက်သည့်အခါမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း။

ကိုယ်စားလှယ်ကြီးများကို တစ်ဆက်တည်း ပြောကြားလိုသည်မှာ ကိုယ်စားလှယ်ကြီးများထံ ထုတ်ပေးထားသည့် အမျိုးသားညီလာခံ ရင်ထိုးတံဆိပ်သည်လည်း ကိုယ်စားလှယ်ကြီးများဖြစ်ကြောင်း တစ်နည်းတစ်ဖုံ သိသာအောင် လုံခြုံရေးအရဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် မပျောက်မပျက်အောင် ထိန်းသိမ်းထားရှိရန် မှာကြားလိုကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး ခေတ္တရပ်နားပြီး နောက်တစ်ကြိမ် ပြန်လည် ကျင်းပသည့်အခါ ဖိတ်စာများ ကြိုတင်ပေးပို့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖိတ်ကြားရာတွင်လည်း ဖိတ်ကြားစာများ ညီလာခံကိုယ်စားလှယ်ကြီးများထံ အိမ်တိုင်ရာရောက် ရောက်ရှိအောင် သွားရေး၊ လာရေး၊ ပို့ဆောင်ရေးကိစ္စများ အဆင်ပြေချောမွေ့အောင် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးလိုကြောင်း။

ပြင်ဆင်ဆောင်ရွက်ထားမည်

ယခုကျင်းပသည့် အမျိုးသားညီလာခံ၌ ၂၀၀၄ခုနှစ် ညီလာခံကျင်းပစဉ်က တွေ့ရှိခဲ့ရသော အားနည်းချက်များကို သင်ခန်းစာယူပြီး ကိုယ်စားလှယ်ကြီးများ၏ နေထိုင်ရေး၊ သွားလာရေး၊ ရေ၊ မီး၊ အစားအသောက်၊ အားကစား၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေမှု၊ ကျန်းမာရေး၊ ဆက်ဆံရေးနှင့် ဧည့်ဝတ်ကျေပွန်မှုစသည့် ကဏ္ဍအားလုံး၌ အကောင်းဆုံးနှင့် အဆင်ပြေဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ကိုယ်စားလှယ်ကြီးများကိုယ်တိုင်ကလည်း နိုင်ငံတော်နှင့် ညီလာခံတာဝန်ရှိသူအားလုံးက အဘက်ဘက်မှ အလေးထားစီစဉ်ကြပ်မတ်ဆောင်ရွက်ပေးမှု၊ နေထိုင်ရေး၊ ချက်ပြုတ်ကျွေးမွေးဧည့်ခံရေးစသည့် ကဏ္ဍအသီးသီး၌ ဝန်ဆောင်မှုပေးနေကြသော လူငယ်များ၏ စေတနာအရင်းခံဖြင့် မိမိတို့၏ မိဘ၊ အစ်ကို၊ အစ်မများသဖွယ်သဘောထား ပြုစုစောင့်ရှောက်မှုတို့ကိုခံစားတွေ့မြင်ပြီး တော်ရုံတန်ရုံ အားနည်းချက်များအပေါ် နားလည်ခွင့်လွှတ်ခဲ့ကြသည်ဟု မိမိတို့ပြန်လည်ကြားသိခဲ့ရကြောင်း၊ ထို့ကြောင့်လည်း ယခုကျင်းပသည့် ညီလာခံကာလအတွင်းတွင် နေထိုင်စားသောက်ရေးစသော အုပ်ချုပ်မှုကိစ္စများ၌ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ကြောင်းကို တွေ့ရှိရကြောင်း၊ နောင် ပြန်လည်ကျင်းပမည့် ညီလာခံများ၌လည်း ယခုညီလာခံကဲ့သို့ အဆင်ပြေချောမွေ့အောင်၊ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထို့အပြင် ကိုယ်စားလှယ်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နေ့စဉ်ထုတ်ဝေနေသည့် ညီလာခံသတင်းလွှာသည်လည်း သွက်လက်၊ ထက်မြက်၊ အရည် အသွေးမြင့်မားပြီး အားလုံးက နှစ်သက်အားပေးကြသည်ဟုသိရကြောင်း၊ အားတက်သဖွယ်၊ သတိပြုဆင်ခြင်ဖွယ်၊ လွမ်းမောဖွယ်၊ ကြည်နူးချမ်းမြေ့ဖွယ် ရသစုံ ပေးစွမ်းနိုင်ခဲ့သည်ဟုသိရကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ထုတ် ညီလာခံသတင်းလွှာပါ ဆောင်းပါး၊ ကဗျာ၊ ဟာသများကို စာအုပ်အဖြစ် စုစည်းရိုက်နှိပ်ကာ ပြည်သူအများ ဖတ်ရှုနိုင်အောင် ဆောင်ရွက်သွားရန် စီစဉ်နေကြောင်းကို အသိပေးလိုကြောင်း။

အထူးကျေးဇူးတင်

ယခုကဲ့သို့ အုပ်ချုပ်မှုကိစ္စများတွင် အကောင်းဆုံးဖြစ်အောင်၊ အဆင်ပြေဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကို လည်းကောင်း၊ ခံစားနားလည်မှု အရင်းခံပြီး သည်းခံခွင့်လွှတ်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတူ ဖျော်ဖြေရေးကဏ္ဍ၌ ငွေကြေးကိုပဓာနမထားဘဲ စေတနာဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန မြဝတီဝိုင်းတော်သားများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အငြိမ့်အဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့်ရုပ်ရှင်၊ ဂီတအနုပညာရှင်များအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် ညီလာခံကြီးအောင်မြင်ရေးအတွက်ငွေကြေး၊ ပစ္စည်းလှူဒါန်းခဲ့ကြသည့်အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အားကစားနှင့်ဖျော်ဖြေမှုကဏ္ဍ၌ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင်ပံ့ပိုးကူညီခဲ့ကြသည့် ညီလာခံကိုယ်စားလှယ် လုပ်ငန်းရှင်များနှင့်ပြင်ပမှလုပ်ငန်းရှင်များ၊ ရုပ်ရှင်ကားများ စဉ်ဆက်မပြတ် ပြသနိုင်အောင် လှူဒါန်းခဲ့ကြသည့် ရုပ်ရှင် ထုတ်လုပ်သူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

အောင်မြင်မည်ယုံကြည်

ယခုကဲ့သို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာအဆင်ပြေချောမွေ့ရုံသာမက ကိုယ်စားလှယ်ကြီးများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး အမြော်အမြင်ကြီးမားစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပါလှသည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူများကို အတည်ပြုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အကြံပြုချက်စာတမ်းများကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဆွေးနွေးတင်ပြနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ နောင်ဆက်လက်ဆောင်ရွက်ရမည့် ညီလာခံလုပ်ငန်းများကိုလည်း ယခုကဲ့သို့ပင် အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုမကြာခင်အခမ်းအနားပြီးဆုံးသည်နှင့် မိမိတို့ဌာနေကိုပြန်ကြတော့မည်ဖြစ်၍ ကိုယ်စားလှယ်ကြီးများ၏ ဌာနေအပြန်ခရီး ချောမွေ့အန္တရာယ်ကင်းပါစေ၊ မိသားစုနှင့်ပြန်လည်ဆုံတွေ့ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့လည်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာနှင့်ပြန်လည်တက်ရောက်နိုင်ကြပါစေ၊ မကြာခင်ကျရောက်မည့် မြန်မာ့နှစ်သစ်နှင့်အတူ အမျိုးဘာသာ၊သာသနာအကျိုးနှင့်မိမိတို့၏အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၃၅မိနစ်တွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

အတိတ်သမိုင်းကလမ်းပြည္ွန် တပ်မတော်၏အနာဂတ်တာဝန်

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား နယ်ချဲ့နှင့်ဖက်ဆစ်တို့သည် လက်နက်နှင့်စစ်အင်အားကို အသုံးချပြီး မြန်မာနိုင်ငံအား ကျွန်ပြုစိုးမိုးခဲ့၏။ ထို့ကြောင့် အမျိုးသားလွတ်မြောက်ရေးအတွက် မျိုးချစ်နိုင်ငံရေးသမားလူငယ်များပါဝင်သည့် မြန်မာ့တပ်မတော်ကိုဖွဲ့စည်း၍ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ရလေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုတွင် လွတ်လပ်သော မြန်မာနိုင်ငံအတွက် အုပ်ချုပ်မည့်အစိုးရ လိုအပ်လာလေပြီ။ ထိုကာလ၌ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ သီးခြားထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲစာရင်းတွင် အထွေထွေ (သီးခြားလူမျိုးစုမဟုတ်)၁၈၂ဦး၊အင်္ဂလိပ်-မြန်မာ(ကပြား)လေးဦး၊ ကရင်၂၄ဦး၊ ရှမ်း၂၃ ဦး၊ကချင်ခုနစ်ဦး၊ ချင်းခုနစ်ဦး၊ ကရင်နီ(ကယား) နှစ်ဦးနှင့် အခြားတောင်တန်းသား ခြောက်ဦး စုစုပေါင်း၂၅၅ ဦးဟု ဖော်ပြထားသည်။ ရွေးကောက်ပွဲအတွက် အမတ် ၂၅၅ နေရာတွင် လူမျိုးစုများအတွက် ၄၅ နေရာကို ချန်လှပ်၍ ကျန်နေရာ ၂၁၀အတွက် ရွေးကောက်တင်မြှောက်ကြရသည်။ ဖဆပလအဖွဲ့ချုပ်ကြီးက ၉၅ဒသမ ၃ ရာခိုင်နှုန်း ရွေးကောက်တင်မြှောက်ခံရသည်။ တပ်မတော်သည်ကား နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားကာကွယ်ရေးကိုသာ သီးသန့် ထမ်းဆောင်ခဲ့သည်။

ဖဆပလအဖွဲ့မှ သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီ (ဗမာပြည်)က ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းတွင် တောခိုသွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်း ၎င်းတို့ကို သံယောဇဉ်ရှိသော ရဲဘော်ဖြူတို့နှင့်အတူ သောင်းကျန်းသူအဖြစ် တောခိုသွားကြသည်။

တိုင်းပြည်လွတ်လပ်ရေးရပြီး အချိန်တိုအတွင်း အာဏာရ ဖဆပလနှင့် အလံဖြူ၊ အလံနီကွန်မြူနစ် စသည့်နိုင်ငံရေးပါတီများသည်လည်းကောင်း၊ အစိုးရနှင့် တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည်လည်းကောင်း စိတ်ဝမ်းကွဲပြားကာ အာဃာတများ ထားရှိလာကြသည်။

ဖဆပလအစိုးရသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ သီးသန့်ထမ်းဆောင်နေသော တပ်မတော်ကို ထိုစဉ်က တိုင်းပြည် မတည်မငြိမ်ဖြစ်ပွားနေသဖြင့် ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးကိုပါ တာဝန်ယူပေးရန် မေတ္တာရပ်ခံခဲ့ရသည်။ တပ်မတော်သည် နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်လုံခြုံရေးတာဝန်ကို ဝင်ရောက်ထမ်းဆောင်ပေးခဲ့သည်။ ထိုသို့ထမ်းဆောင်ရာတွင် တပ်မတော်သားများ၏ အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ခဲ့ရသည်။

ထို့ပြင် တရုတ်ဖြူ ကူမင်တန်တပ်များကလည်း ပြည်ပနိုင်ငံကြီးတစ်နိုင်ငံ၏ အားပေးကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံပိုင်နက်နယ်မြေများကို ဝင်ရောက်ကျူးကျော်ခဲ့ကြပြန်သည်။ မြန်မာ့တပ်မတော်သည် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ ပြည်ပ ကျူးကျော်ရေးသမား ကူမင်တန်တရုတ်ဖြူများအား စစ်ဆင်ရေးကြီးများ ဆင်နွှဲကာ တိုက်ခိုက်ချေမှုန်းခဲ့ရ၏။

တိုင်းရင်းသားပေါင်းစုံပါဝင်သော တပ်မတော်၏အားထုတ်ကြိုးပမ်းမှုကြောင့် ဖဆပလအစိုးရသည် မငြိမ်မသက်ဖြစ်နေသော အဓိကမြို့ကြီးများနှင့် အချက်အချာကျသော ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်ခန့်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အနည်းငယ်မျှသော ဒေသအချို့မှအပ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။

ထို့နောက် အာဏာရဖဆပလအဖွဲ့ကြီးသည် ဦးနုနှင့်သခင်တင် ခေါင်းဆောင်သည့်(နု-တင် ဖဆပလ) နှင့် ဦးဘဆွေနှင့် ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်သည့် (ဆွေ-ငြိမ်း ဖဆပလ)ဟူ၍ နှစ်ခြမ်းကွဲခဲ့ကြသည်။ နု-တင် တို့က သန့်ရှင်းရေးကို ထင်ရှားစေလို၍ သန့်ရှင်းဖဆပလဟုခေါ်သည်။ ဆွေ-ငြိမ်းတို့က ဖဆပလ အခွန့်ရှည်စွာ တည်မြဲရေးကို ရည်စူး၍ တည်မြဲဖဆပလဟု ခေါ်တွင်သည်။

ထိုကာလတွင် တပ်မတော်က နောက်ကြောင်းကို ထောက်ထား၍ ညီညွတ်ကြရန် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲကြသောအခါ တရားဥပဒေနှင့် အခြေခံဥပဒေဘောင်အတွင်း၌သာ အေးချမ်းစွာ ဖြေရှင်းကြရန် မေတ္တာရပ်ခံသည်။ သွေးထွက်သံယို အကြမ်းဖက်မှုကျူးလွန်သည့် မည်သည့်အုပ်စုကိုမဆို တပ်မတော်က ထိရောက်စွာနှိမ်နင်းမည်ဟု သတိပေးခဲ့ရဖူးသည်။

သို့ရာတွင် အကွဲကွဲအပြားပြားဖြစ်နေသော နိုင်ငံရေးသမားအုပ်စုများသည် ၎င်းတို့အာဏာရရှိရေးကိုသာ ရှေ့တန်းတင်ပြီး ခါးပိုက်ဆောင်တပ်များ မွေးမြူထားခဲ့ကြသည်။ အဆုံးစွန်ဆိုရလျှင် ၁၉၅၈ခုနှစ် နိုဝင်ဘာလ၌ ရွေးကောက်ပွဲကျင်းပပါက သွေးချောင်းစီးစေမည့်ဖြစ်ရပ်များ ဖြစ်ပွားနိုင်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အာဃာတကြီးမားခဲ့ကြသည်။

ထို့ကြောင့် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူဦးနုသည် စက်တင်ဘာလ ၂၅ရက်နေ့တွင် ၎င်း၏အမာခံများနှင့် အကြိတ်အနယ်ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲ၌ ၁၉၄၈-၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းခဲ့သော တပ်မတော်၏စွမ်းရည်မှာ အံ့မခန်းဖြစ်ကြောင်း၊ တပ်မတော်အား အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူစေ၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးအတွက် အုပ်ချုပ်မှုအာဏာ ယာယီ လွှဲပြောင်းပေးသင့်ကြောင်း ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၆ရက်နေ့ ညပိုင်းတွင် ဦးနုသည် တပ်မတော်အား အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူစေ၍ တပ်မတော်အကြီးအကဲအား ဝန်ကြီးချုပ်အဖြစ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည်။ အိမ်စောင့်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးမည်ဟု ကြေညာခဲ့သည်။

တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူ၍ ၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ထိုရွေးကောက်ပွဲ၌ သန့်ရှင်းဖဆပလက အနိုင်ရရှိသွားခဲ့သည်။ တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရသော အချိန်တိုကာလ၌ပင် နိုင်ငံရေးအစိုးရများ မစွမ်းဆောင်နိုင်ခဲ့သော ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။

ခြင်ကျား (မအူပင်)

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ဦးနုကိုရွေးကောက်တင်မြှောက်ခဲ့သည်။ သန့်ရှင်း ဖဆပလကို ပြည်ထောင်စုပါတီ(ပထစ)ဟု ပြန်ဖွဲ့စည်းကာ ပါလီမန်ဒီမိုကရေစီ ထွန်းကားရေးအတွက် ပါတီစုံပါဝင်သော ကော်မတီဖွဲ့ခဲ့သည်။ သို့ရာတွင် ပထစအတွင်း၌ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ကြသည့် “ဗိုလ်”၊ တက္ကသိုလ်ဘွဲ့ရ အရာရှိဟောင်းနှင့် ရှေ့နေများပါဝင်သော “ဦး”၊ သခင်ဘဝမှစ၍ နိုင်ငံရေးကြိုးပမ်းသည်ဆိုသော “သခင်”ဟူ၍ အုပ်စုဖွဲ့ကာ ကွဲခဲ့ကြသည်။

၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ်မှ စော်ဘွားများက ပင်လုံစာချုပ်ပါ အချက်အလက်ကို ထောက်ပြ၍ ခွဲထွက်ခွင့်နှင့် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုသည့် ဖက်ဒရယ်စာတမ်း ထွက်ပေါ်လာသည်။ အာဏာမစွန့်လိုသော စော်ဘွားများက ဦးဆောင်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး အာဏာရပထစအစိုးရ အင်အားချည့်နဲ့နေချိန်နှင့် ပြည်တွင်းသောင်းကျန်းမှုကိုအခွင့်ကောင်းယူကာ ပြည်ထောင်စုပြိုကွဲအောင် ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်သည်။

၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ အသံလွှင့်ရုံ၌ ပြည်နယ် နီးနှောဖလှယ်ပွဲကို ကျင်းပခဲ့သည်။ ပြည်နယ်နီးနှောဖလှယ်ပွဲ၌လည်း ရှမ်းပြည်နယ်ဘက်က ဖက်ဒရယ်မူကို တင်သည်။

ယင်းသို့တင်သွင်းတောင်းဆိုထားသော ဖက်ဒရယ်မူကို အစိုးရက လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ ပြည်နယ်တစ်ခုက ပြည်ထောင်စုမှ ခွဲထွက်ပြီး “ဆီးတိုး”စစ်အုပ်စုအတွင်းဝင်ရောက်ရန် ရေးဆွဲထားသော လျှို့ဝှက်စာတမ်းတစ်စောင်ကို ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် ဦးကျော်ငြိမ်းက ဦးနုအားပေးအပ်လိုက်သည်။(SEATOသည် အရှေ့တောင်အာရှနိုင်ငံ စာချုပ်အဖွဲ့ဖြစ်၍ ၁၉၅၄ခုနှစ် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ၏ ကမကထပြုမှုဖြင့် ပေါ်ပေါက်လာသော အဖွဲ့အစည်းဖြစ်သည်။ ကွန်မြူနစ်တို့အာဏာရရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထိန်းချုပ်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။)

ထိုအချိန်က မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒသည် ကြားနေရေးမူဝါဒဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် စာချုပ်တစ်ရပ် ချုပ်ဆိုထားသည်။ ပြည်နယ်တစ်ခုက ဤသို့ ပြည်ထောင်စုမှ ခွဲထွက်၍ ဆီးတိုးထဲဝင်ရောက်ခဲ့ပါက ပြည်ပစစ်ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် စစ်ဘေးဒုက္ခနှင့်ရင်ဆိုင်ရပေတော့မည်။ တစ်နည်းအားဖြင့် ကိုလိုနီလက်သစ်တို့၏ ဝင်ရောက်ကျူးကျော်စွက်ဖက်မှုအန္တရာယ် ဖိတ်ခေါ်သလို ဖြစ်နေပေမည်။

၁၉၆၂ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အထက်ဖော်ပြပါ နိုင်ငံရေးအကျပ်အတည်းနှင့်ပြည်ထောင်စုပြိုကွဲမှုအန္တရာယ်တို့ကြောင့် တပ်မတော်က လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရလေသည်။

အလားတူ၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သောအရေးအခင်းသည် ဒီမိုကရေစီတောင်းဆိုမှုနောက်ကွယ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြိုကွဲစေရန် ကြံစည်မှုများပါရှိကြောင်း တွေ့ရမည်ဖြစ်သည်။ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့စွဲဖြင့် ဆူပူလှုပ်ရှားသူများက “၂၄ နာရီ ကြိုတင်သတိပေးကြေညာခြင်း” ဟူသော စာတစ်စောင်ကို လူထုအတွင်း ဖြန့်ဝေခဲ့ကြသည်။ ထိုစာတွင် တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် (ရေ)တို့၏အမည်များကို လိမ်လည်ထည့်သွင်း လက်မှတ်အတုရေးထိုးလျက် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ထိုလှုံ့ဆော်သတင်းနှင့်အချိန်ကိုက်၍ စက်တင်ဘာလ၁၂ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ရန်ကုန်မြို့တောင်ဘက် ရေမိုင် ၁၉၀ ခန့်အကွာ လောင်ဂျီတွဒ် ၁၄ ဒီဂရီ ၅၇မိနစ်၊ မြောက်လတ္တီတွဒ် ၉၆ ဒီဂရီ၃၃ မိနစ် (မြန်မာ့ရေပိုင်နက်)၌ အမေရိကန်ရေတပ်အုပ်စု ဝင်ရောက်နေကြောင်းကို ကြယ်ငါးပွင့်ကော်ပိုရေးရှင်းပိုင် အင်းဝသင်္ဘောမှ တွေ့ရှိခဲ့ရသည်။ ထိုအမေရိကန် ရေတပ်သင်္ဘောအုပ်စုတွင် သင်္ဘောအမှတ်-၄၃/၁၁၅ နှင့် ၅ တို့ပါဝင်ပြီး သင်္ဘောအမှတ်(၄၃)သည် သင်္ဘောငယ်နှစ်စီးကို ရေချလေ့ကျင့်နေကြောင်း တွေ့မြင်ခဲ့ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော်ဘက်မှ တာဝန်ရှိသူတို့က ထိုနိုင်ငံသံရုံးသို့ မေးမြန်းရာ ၎င်းတို့က အံ့ဩစွာဖြင့် ဟုတ်မှန်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း အခြေအနေရှုပ်ထွေးလာပါက အမေရိကန်မိသားစုများနှင့် ၎င်းတို့နိုင်ငံသားများကို ကယ်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။

သို့ရာတွင် အမေရိကန်သံရုံးမှမိသားစုများနှင့် အခြားသံရုံးများမှမိသားစု ၂၆၇ ဦးတို့သည် စက်တင်ဘာလ ၁၁ ရက်နေ့ကပင် မြန်မာနိုင်ငံမှ အထူးဌားလေယာဉ်ဖြင့် ထွက်ခွာသွားခဲ့ကြပြီးဖြစ်သည်။ အမေရိကန်မိသားစုများအား ကယ်တင်ရန်ဟူသော သံရုံး၏အကြောင်းပြချက်များက ယုတ္တိမရှိသောပြန်ကြားချက်သာ ဖြစ်ကြောင်းတွေ့ရှိနိုင်ပေသည်။ တပ်မတော်က လက်မတင်ကြိုတင်သိရှိသဖြင့် လွတ်လပ်ရေးမဆုံးရှုံးအောင် ဟန့်တားကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

မျက်မှောက်ခေတ်၌ အမျိုးသားရေးမူဝါဒသည် ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်က တီထွင်သတ်မှတ်ခြင်းမဟုတ်။ မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များက ဖွင့်ဆိုသတ်မှတ်ခြင်းသာ ဖြစ်ပေသည်။ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားသော တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေသည့် အခြေအနေနှင့်ကြုံတိုင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်သာမက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုပါ ဝင်ရောက် ပခုံးပြောင်း ထမ်းဆောင်ခဲ့ရပေသည်။

သမိုင်းက တောင်းဆိုခဲ့သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးရန် တပ်မတော်တွင် တာဝန်ရှိလာသည်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ကူးပြောင်းရေးအတွက် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက်များကို ချမှတ်ဖော်ဆောင်ပေးခဲ့သည်။

တပ်မတော်သည် မူလကပင် နိုင်ငံရေး ဦးတည်ချက်၌ အခြေခံဥပဒေနှင့်ပတ်သက်၍ အချက်နှစ်ရပ် ချမှတ်ထားသည်။ ထိုအချက်နှစ်ခု မှာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီကတည်းကပင် တိုင်းရင်းသားများသည် ပြည်ထောင်စုစနစ်ဖြင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ပြည်ထောင်စုအဓွန့်ရှည်စွာ တည်တံ့ရေးကို အာမခံနိုင်သော အခြေခံဥပဒေဖြစ်ရပေသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ပညာရှင်တစ်ဦး၊ တစ်ဖွဲ့၊ပါတီတစ်ခုနှင့် ပါတီများကသာ တာဝန်ယူရေးဆွဲ၍ မဖြစ်နိုင်ပေ။ တိုင်းရင်းသားကိုယ်စားလှယ်အများစုပါဝင်သော အလွှာပေါင်းစုံက အမျိုးသားညီလာခံ တည်းဟူသော ပြည်ထောင်စုကြီး၏ဆုံရပ်၌ စုစည်းပေါင်းစပ် ညှိနှိုင်းဆွေးနွေး ဖော်ထုတ်ရမည်ဖြစ်ပေသည်။

ထို့ကြောင့် တပ်မတော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို စတင်တည်ဆောက်ခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်၍ ၁၉၉၂ခုနှစ် ဧပြီလ၂၈ ရက်နေ့တွင် စစ်ဆင်ရေးများကို တစ်ပြည်လုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရပ်ဆိုင်းပေးခဲ့သည်။ အရေးယူခံထားရသော ပြစ်ဒဏ်ကျခံနေရသူများအနက်မှ နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်နိုင်ဖွယ်မရှိသူများအား ပြန်လွှတ်ပေးခဲ့သည်။

၁၉၉၂ခုနှစ် မေလ ၂၈ ရက်နေ့တွင် “အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ” ကျင်းပရန် ခေါ်ယူသည့်အမိန့်၊ အမိန့်အမှတ်(၉/၉၂)ကို ထုတ်ပြန်ကြေညာခဲ့ပြီး အစိုးရကိုယ်စားလှယ် ၁၅ဦးနှင့် တည်ဆဲပါတီများမှ ကိုယ်စားလှယ်၂၉ ဦးတို့ကို ဆွေးနွေးညှိနှိုင်းမှုများ ပြုစေခဲ့သည်။ ၎င်းတို့၏ ဆွေးနွေးညှိနှိုင်းချက်များအရ အမျိုးသားညီလာခံကျင်းပရေးကို ဖော်ဆောင်ပေးခဲ့သည်။

အမျိုးသားညီလာခံ ကျင်းပရာတွင် အခြေခံရမည့် ဦးတည်ချက်(၆)ရပ်ကို ချမှတ်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့ရာ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပင်လျှင် အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရခဲ့သည်။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံမူ ၁၀၄ ချက်ကို အမျိုးသားညီလာခံက ချမှတ်အပြီးတွင် တစ်ဦးတစ်ယောက် တစ်ပါတီ၏ပယောဂကြောင့် အမျိုးသားညီလာခံကြီးကို ယာယီရပ်ဆိုင်းထားခဲ့ရလေသည်။ ထိုကာလများတွင် တပ်မတော်က တစ်မျိုးသားလုံးလိုလားတောင့်တသည့် အမျိုးသားရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ အနာဂတ်နိုင်ငံတော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးရေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီကတည်းကပင် တိုင်းရင်းသားများသည် ပြည်ထောင်စုစနစ်ဖြင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအဓွန့်ရှည်စွာတည်တံ့ရေးကို အာမခံနိုင်သော အခြေခံဥပဒေဖြစ်ရပေသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ပညာရှင်တစ်ဦး၊ တစ်ဖွဲ့၊ ပါတီတစ်ခုနှင့် ပါတီများကသာ တာဝန်ယူရေးဆွဲ၍ မဖြစ်နိုင်ပေ။ တိုင်းရင်းသားကိုယ်စားလှယ်အများစုပါဝင်သော အလွှာပေါင်းစုံက အမျိုးသားညီလာခံ တည်းဟူသော ပြည်ထောင်စုကြီး၏ဆုံရပ်၌ စုစည်းပေါင်းစပ် ညှိနှိုင်းဆွေးနွေး ဖော်ထုတ်ရမည်ဖြစ်ပေသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် ၁၁၄၄ဦးရောက်ရှိနေ

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၀ နိုင်ငံ၊ ကုမ္ပဏီ ၂၅၈ခုမှ ရတနာကုန်သည် ၇၄၃ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၂၁၇ခုမှ နိုင်ငံသားရတနာကုန်သည် ၄၀၁ဦး စုစုပေါင်းရတနာကုန်သည် ၁၁၄၄ဦး ရောက်ရှိနေကြသည်။

ထပ်မံရောက်ရှိ

အဆိုပါရတနာကုန်သည်များသည် ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ (၄၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။(**အပေါ်ပုံ**) ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ဧပြီ ၁ရက်တွင် ထပ်မံရောက်ရှိကြမည် ဖြစ်သည်။

ကြည့်ရှုလေ့လာ

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ပြပွဲသို့တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မတ် ၃၀ရက်၊ ၃၁ရက်နှင့် ဧပြီ ၁ရက်တို့တွင် ကျောက်မျက်ရတနာ အတွဲများကို ကြည့်ရှုလေ့လာ၍ဧပြီ ၂ရက်၊ ၃ရက်နှင့် ၄ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း၊ ဧပြီ ၅ရက်နှင့် ၆ရက်တို့တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း၊ ဧပြီ ၇ရက်တွင် ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း အသီးသီး ရောင်းချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများ အနီးကပ်ပို့ချသင်တန်းများပြုလုပ်မည်

ရန်ကုန် မတ် ၃၁

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပသွားမည်ဖြစ်ရာ စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၂၁–၄–၂၀၀၅ ရက်မှ ၃၀–၄–၂၀၀၅ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့၌ပါ သင်တန်းများပို့ချသွားမည်ဖြစ်သည်။

ထုတ်ပြန်ကြေညာမည်

စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၄–၅–၂၀၀၅ ရက်မှ ၁၀–၅–၂၀၀၅ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲမစစ်ဆေးကြောင်းနှင့် အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်နှင့် ၄င်းတို့၏ ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

အထက(၁)အလုံ (ယခင်ပဲခူး–ကရင်တန်းမြင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ဧပြီ ၉ရက်တွင် မြတ်ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် အလှူငွေများကို အထက(၁)အလုံ ဖုန်း–၂၂၀၅၉၈၊ ဒေါ်မြင့်မြင့်စိန် ဖုန်း–၅၁၀၆၆၉၊ ဒေါက်တာလွင်ဦးလှိုင် ဖုန်း–၅၇၈၉၉၆၊ ကိုအောင်ကျော်သန်း ဖုန်း –၀၉၅၀၀–၆၇၁၁နှင့် မသီတာထွေး ဖုန်း–၀၉၅၀၀–၁၃၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တရုတ်နိုင်ငံ နားလည်မှုတည်ဆောက်ရေး အကြံပေးပုဂ္ဂိုလ်ရောက်ရှိ

ရန်ကုန် မတ် ၃၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း(CAFIU)မှ အကြံပေးပုဂ္ဂိုလ် Mr.CaiWu ခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် အသင်းဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဂွမြို့နယ်ကုလားပြင်ကျေးရွာမဟာဗောဓိကျောင်းတိုက် ပဓာနနာယကဆရာတော် ပျံလွန်တော်မူ

ရန်ကုန် မတ် ၃၁

ရခိုင်ပြည်နယ် ဂွမြို့နယ် ကုလားပြင်ကျေးရွာ မဟာဗောဓိ ကျောင်းတိုက်၏ပဓာနနာယကဆရာတော် အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇိန္ဒ သက်တော်(၉၆)နှစ် သိက္ခာတော်(၇၇)ဝါသည် မတ် ၁၅ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်းနှင့် ဧပြီ ၂ရက်တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

တားမြစ်

အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

လုပ်ငန်းများ၊ နယ်စပ်ဒေသ အပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးဇုန် တည်ထောင်ခြင်း၊ တစ်နိုင်ငံလုံးကျယ်ပြန့်စွာ ဟန်ချက်ညီညီ ဖော်ဆောင်ပေးခဲ့သည်။ ဤကား အနာဂတ်နိုင်ငံတော်အတွက် ရုပ်ဝတ္ထု အခင်းအကျင်းများကို တပ်မတော်က မုဒိတာဖြင့် ဖော်ဆောင်ပေးနေခြင်းဖြစ်ပေသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီးချိန်တွင် တပ်မတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် နိုင်ငံတော်သစ်သို့ ချောမွေ့စွာ ရောက်ရှိစေရန် အမျိုးသားရေးလမ်းပြ မြေပုံဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပေးခဲ့သည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်သော အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို တစ်ပိုင်းပြီးတစ်ပိုင်း အောင်မြင်စွာကျင်းပလျက်ရှိသည်။

မြန်မာ့သမိုင်း အတိတ်ဖြစ်စဉ်များကို လေ့လာလျှင် နိုင်ငံရေး အကျပ်အတည်း၊စီးပွားရေးအကျပ်အတည်း၊ ပြည်ထောင်စုအကျပ်အတည်းနှင့် ကြုံလာတိုင်း ကြုံလာတိုင်း တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှ အောင်အောင်မြင်မြင် ပါဝင်ထမ်းဆောင်ခဲ့ရကြောင်း တွေ့ရှိရလေသည်။

တပ်မတော်က တောင်းဆိုခြင်း မဟုတ်ဘဲ မြန်မာနိုင်ငံ၏ အတိတ်ဖြစ်ရပ်များက လမ်းပြညွှန်သည့် တပ်မတော်၏ အနာဂတ်တာဝန်ကား သမိုင်း၌ ထင်ရှားစွာ ပေါ်လွင်နေပေပြီ။ ထိုတာဝန်ကား အမျိုးသားညီလာခံကျင်းပရေး ဦးတည်ချက်ခြောက်ရပ်တွင် ပါဝင်သော (အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေး)ဟူသော နိုင်ငံတော်က ပေးအပ်သည့် တာဝန်ပင် ဖြစ်ပါသည်။ ။

တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၃၁

တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဇွန် ၁၉ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် ဆန်ဆိုင်းအထက်ရပ်ကွက် ပုံလို့လမ်းသွယ် အိမ်အမှတ် ၂/၂၇(ဂ)၌ ဦးရန်ကျင်းဇွန်(ခ)စိုင်းကျော် မောင်းနှင်လာသည့် ယာဉ်အမှတ်(၃ခ/၉၆၀၀)ကို စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းတွင်းရှိ စက္ကူပုံးအတွင်းမှ WY° စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ဖမ်းဆီးရမိ၍ ယာဉ်ပေါ်ပါ ဦးရန်လင်ရှင်၏ သား အသက်(၄၃)နှစ်ရှိ ရန်ကျင်းဇွန်(ခ) စိုင်းကျော်၊ ဦးပီရှန်၏သား အသက် (၂၇)နှစ်ရှိ လောဆမ်(ခ) စိုင်းဆမ်၊ ဦးကျိုင်းဆိုက်၏သား အသက်(၃၂) နှစ်ရှိ စိုင်းမတ်(ခ)အိုက်မတ်၊ ဦးစိုင်းရီ၏သား အသက်(၄၆)နှစ်ရှိ နန်နွမ်း၊ ဦးမောင်မြင့်၏သား အသက်(၃၄)နှစ်ရှိ စိုင်းထွန်းမြင့်၊ ဦးအိုက်ယုံ၏သား အသက်(၂၂)နှစ်ရှိ အိုက်ကြောင်တို့အား မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၄၆/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၊ ၁၉(က)၊၂၀(က)၂၁အရအမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် တရားခံ ရန်ကျင်းဇွန်(ခ) စိုင်းကျော်၊ လောဆမ်(ခ) စိုင်းဆမ်နှင့် စိုင်းမတ်(ခ)အိုက်မတ်တို့အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀စီ ကျခံစေရန်နှင့် တရားခံ နန်နွမ်း၊ စိုင်းထွန်းမြင့်နှင့် အိုက်ကြောင်တို့အပေါ် မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)နှင့် ၂၀တို့အရ ထောင်ဒဏ်နှစ် ၂၀ စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အမှုဖွင့်အရေးယူ

အလားတူ တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် မူးယစ်ဆေးဝါးများ လာရောက်ရောင်းချမည်ဟုသတင်းရထားသည့် တာချီလိတ်မြို့ ရီဂျီးနားဟိုတယ် အခန်း(၁၂၇)ကို စောင့်ကြည့်နေစဉ် အိုက်ကျိုင်း(ခ) ဇော်မျိုးအောင်ရောက်လာ၍ အခန်းတွင်းဝင်ရောက်စစ်ဆေးရှာဖွေရာ ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ ကိုးထုပ် စုစုပေါင်းဆေးပြား ၁၈၀၀၀ ဖမ်းဆီးရမိ၍ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါဆတ်ရွာနေ ဦးလုံးတစ်၏သား အသက်(၂၆)နှစ်ရှိ အိုက်ကျိုင်း(ခ)ဇော်မျိုးအောင်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၉၀/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉(က)၊ ၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားခံ အိုက်ကျိုင်း(ခ)ဇော်မျိုးအောင်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ပြပွဲပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ယနေ့ ဆက်လက်ဖွင့်လှစ်ပြသသည်။

အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအားဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရပ်ကွက်ရှင်လူပြည်သူလူထု စုစုပေါင်း ၁၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်စောထွန်း ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း ကြည့်ရှု

ရန်ကုန် မတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ချင်းပြည်နယ် မင်းတပ်-မတူပီလမ်းတိုးတက်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဗိုလ်ချုပ်စောထွန်းသည် ဇနီးဒေါ်မြင့်မြင့်ကို မိသားစုနှင့်အတူ မတ် ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်မြို့ ရွှေမုဋ္ဌောဘုရားဝင်းအတွင်းမှ စေတီတော်များ ရွှေထီးတော်တင် မင်္ဂလာနှင့် သိမ်ကျောင်းရေစက်ချ အလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကာ ဝန်ထမ်းများနှင့်အတူ စိန်ဖူးတော်နှင့် ထီးတော်များပင့်ဆောင်၍ မင်္ဂလာပန်းရထားဖြင့် ထီးတော်အဆင့်ဆင့်တင်လှူပူဇော်ပြီး အလှူမင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေထီးတော်အား အမွှေးနံ့သာများ ပက်ဖျန်းပေးကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရေယာဉ်ဖြင့် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ထွက်ခွာပြီး ရေလယ်တိုင်အမှတ် RP_3တွင် သံပေါင်ကုန်းတံတားသံပေါင်များတပ်ဆင်နေမှု၊ တိုင်အမှတ် RP_4၊ RP_5တွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများနှင့် RP_6မှ သံပေါင်ကုန်းတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ စစ်ကိုင်းဘက်ကမ်းစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်း၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးလျက် အလေအလွင့် အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြမ်းခင်းလောင်း

ယခုအခါ မန္တလေးဘက်ကမ်းချဉ်းကပ်တံတား ၁၇ ခန်းရှိသည့်အနက် ၁၅ ခန်းသံကူကွန်ကရစ် ရက်မတင်ပြီး ခုနစ်ခန်းမှာ သံကူကွန်ကရစ် ကြမ်းခင်းလောင်းပြီးဖြစ်သည်။ စစ်ကိုင်းဘက်ကမ်းချဉ်းကပ်တံတား ၁၁ ခန်း ရှိသည့်အနက် ကိုးခန်းမှာ သံကူကွန်ကရစ်ကြမ်းခင်းလောင်းပြီးဖြစ်သည်။ ပင်မတံတားသံပေါင်တပ်ဆင်ခြင်းတွင်(၃၆၇ ဒသမ ၅)ပေရှိ အခန်း လေးခန်းအားလုံးပြီးစီးလျက် ၇၃၅ ပေရှိ သံပေါင်ကုန်း သံပေါင်တံတား သုံးခန်းကို ယခုအခါ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းပါ တစ်ပြိုင်တည်း တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၇) မူလတန်းလွန်ကျောင်း ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ပထမတန်း ဘာသာစုံ ထူးချွန်ဆုရ မချောထက်ထက်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စောရှင် ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မကွေးမြို့နယ်တွင်ကျင်းပ

ရန်ကုန် မတ် ၃၁

မကွေးတိုင်း ၂၀၀၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက်များကို မကွေးတိုင်းတီဘီရောဂါ ဆရာဝန်ကြီး ဒေါက်တာမြင့်ဆန်းက ဖတ်ကြားသည်။

ချီးမြှင့်

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာကျော်လှမြင့်က တီဘီရောဂါနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မကွေးတိုင်းအတွင်း (၂၀၀၄)ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ထူးချွန်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော မြို့နယ်များအား ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်၍အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တက်ရောက်လာကြသူများသည် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းပြခန်းမှ ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ သစ်အခြေခံစက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃၁

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ဒဂုံ(ဆိပ်ကမ်း)မြို့နယ်စက်မှုဇုန်ရှိ T.K.K. International Ltd.၏ စက်မှုအလုပ်ရုံသို့ရောက်ရှိရာ စက်ရုံညွှန်ခန်းမ၌ တာဝန်ခံဦးသန်းဌေးက စက်ရုံအတွင်း တိုးချဲ့တပ်ဆင်လျက်ရှိသည့် စက်ပစ္စည်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း တိုးချဲ့တပ်ဆင်လျက်ရှိသည့် Overheadကရိန်းကိုလည်းကောင်း၊ သစ်လုံးမှ ကုန်ချောထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးထားရှိမှုလုပ်ငန်းများကို လည်းကောင်း၊ အသစ်တပ်ဆင်ထားသော စက်ပစ္စည်းများ စမ်းသပ်လည်ပတ်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် Authentic Timber Technology Ltd.၏ သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံညွှန်ခန်းမ၌ တာဝန်ခံဦးဝင်းမြင့်က စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်ပဈေးကွက်ရရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်စက်ရုံအတွင်းသွားရောက်၍ သစ်လုံးမှ ကုန်ချောပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ ပြည်ပပို့ရန် အသင့်စုပုံထားသော ကုန်ချောပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြသ

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် °M.T.I Co.,°Ltd.၏ သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံညွှန်ခန်းမ၌ တာဝန်ခံ ဦးသိန်းချိုက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်စက်ရုံအတွင်းသွားရောက်၍ သစ်လုံးမှ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့် လုပ်ငန်းများကို လည်းကောင်း၊ အသစ်တပ်ဆင်ထားသောစက်များမှ သစ်ခွဲသားများ၊ သစ်ပါးလွှာများ၊ စမ်းသပ်ထုတ်လုပ်မှုကို လည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးထားရှိမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဈေးကွက်များသို့တင်ပို့

အဆိုပါ သစ်အချောထည်စက်ရုံများမှ ခွဲသားများ၊ ကြမ်းခင်းပြားများ၊ ပါကေးများ Finger Joint သစ်ပါးလွှာများ ထုတ်လုပ်၍ အာရှနှင့်ဥရောပဈေးကွက်များသို့တင်ပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပဲခူးပညာမွန်ကျောင်းတိုက်၌ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

ပဲခူးမြို့ ဥသာမြို့သစ် ရန်ကုန်–မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက်အတွင်း၌ ပဋ္ဌမအကြိမ် သင်္ကြန်တရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ခုနစ်ရက်ကျင်းပမည်ဖြစ်ရာ ပညာမွန်ဆရာတော် ဘဒ္ဒန္တပညာသာမိ (ဓမ္မာစရိယ၊ ဓမ္မကထိက၊ ဗဟုဇနဟိတရေ)က လယ်တီမိုးကုတ်၊ တောင်ပုလုစသော ဆရာတော်များ၏ ဥပနိဿယကို ခံယူကာ ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သတိပဋ္ဌာန် ဒေသနာ ဝိပဿနာ အလုပ်ပေးတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း–၀၂၅–၂၂၁၀၂ သို့ ဆက်သွယ်ကြရန်နှင့် ဧပြီ ၁၁ ရက် ညနေ တရားစခန်းသို့ အရောက်လာနိုင်ကြောင်း သိရသည်။

(က–ပ)

သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်) ပိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော မြန်မာ့သိုင်းပညာပြပွဲ၊ ဗန်တို(အတိုက်)ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့သိုင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အလှည့်ကျပြသ

ပြိုင်ပွဲ၏ ဗန်တို(အတိုက်) ဗိုလ်လုပွဲများ မစတင်မီ မြန်မာ့လက်ရွေးစင်များ၊ ပြည်နယ်နှင့်တိုင်းများမှ သိုင်းပညာရှင်များက မြန်မာ့သိုင်းပညာစွမ်းရည်များကို အလှည့်ကျပြသကြသည်။

ဆက်လက်၍ ဗန်တို(အတိုက်)ပြိုင်ပွဲဗိုလ်လုပွဲများကျင်းပပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကိုယ်ခံပညာရှင်အဖွဲ့ခေါင်းဆောင် Mr. Victor Smirnov က မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံသည်။

ဆုများချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသား ၆၁–၆၅ ကီလိုတန်းပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသော စိုင်းဝင်းသူဟိန်း ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဝင်းမင်းထွဋ် (ကာကွယ်ရေး)၊ ဒုတိယဆုရရှိသော ဖန်တော့(ကချင်ပြည်နယ်)နှင့် ပထမဆုရရှိသော ဘသောင်း(ပဲခူးတိုင်း)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက အတန်းလိုက်တစ်ဦးချင်းဆုများကို အလှည့်ကျ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာန သရေကျ စွမ်းအင်က လယ်ယာ/ဆည်မြောင်းကို အနိုင်ရ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီခွဲက ဆောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ စွမ်းအင်အသင်းက ခြောက်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၂ပွဲကစား၊ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး ၂၃ မှတ်၊ ပို့ဆောင်ရေးအသင်းက ၁၁ပွဲကစား၊ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ၂၁မှတ်၊ စွမ်းအင်အသင်းက ၁၀ပွဲကစား၊ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ၁၄မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၁ပွဲကစား၊ နှစ်ပွဲနိုင်၊ ကိုးပွဲရှုံး ၆မှတ်ရရှိထားကြသည်။

ယနေ့ပွဲ

ဧပြီ၁ရက်**(ယနေ့)**ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်း၊ ပဒေသာအားကစားကွင်း၌ ပြည်ထဲရေးအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပြိုင်ပွဲများယှဉ်ပြိုင်ကစား အင်္ဂလန်၊ ယူကရိန်း၊ တူရကီ၊ ချက်နှင့် နယ်သာလန်အသင်းတို့အနိုင်ရ

အင်္ဂလန် မတ် ၃၁

၂၀၀၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲဥရောပဇုန်ပြိုင်ပွဲများကို မတ် ၃၀ ရက်က ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်၊ ယူကရိန်း၊ တူရကီ၊ ချက်၊ ဂရိနှင့် နယ်သာလန်စသော အသင်းများ အနိုင်ရရှိခဲ့ကြသည်။

အင်္ဂလန်အသင်းနှင့် အဇာဘိုင်ဂျန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အင်္ဂလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးများကို စတီဗင်ဂျရတ်က တစ်ဂိုး၊ ဒေးဗစ်ဘက်ဟမ်းက တစ်ဂိုးသွင်းပေးခဲ့သည်။

အင်္ဂလန်အသင်းသည် ပထမပိုင်းတွင် အဇာဘိုင်ဂျန်အသင်းကို အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားသော်လည်း ဂိုးမသွင်းနိုင်ဘဲရှိသည်။ တိုက်စစ်မှူး ရွန်နေ ဂိုးသွင်းခွင့်များကြုံခဲ့သော်လည်းဂိုးမရခဲ့ပေ။ ဒုတိယပိုင်းတွင် ဘက်ဟမ်းနှင့် စတီဗင်ဂျရတ်တို့ကအင်္ဂလန်အသင်းအတွက် အနိုင်ဂိုးများသွင်းပေးခဲ့သည်။

အင်ဒိုရာအသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ချက်အသင်းမှ မီလန်ဘားရို့စ်(ယာ) အနီးကပ် ဂိုးသွင်းယူရန် ကြိုးစားနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်အသင်းသည် အုပ်စု(၆)တွင်ပါဝင်ပြီး ခြောက်ပွဲကစား ငါးပွဲနိုင် တစ်ပွဲသရေဖြင့် ၁၆မှတ်ရကာ အုပ်စုထိပ်မှ ဦးဆောင်နေသည်။

ယူကရိန်းအနိုင်ရ

ယူကရိန်းအသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ယူကရိန်းအသင်းက ဒိန်းမတ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

ယူကရိန်းအသင်းအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၇မိနစ်တွင် ဘေယာလီဗာကူဆင်တိုက်စစ်မှူး ဗာရိနင်က သွင်းပေးလိုက်ခြင်းဖြစ်သည်။ ယူကရိန်းသည် ယင်းအနိုင်ရမှုမှာ အသင်းခေါင်းဆောင် ရှက်ချင်ကို မပါဘဲ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒိန်းမတ်တို့သည် ဂိုးသွင်းခွင့်များစွာရသော်လည်း ဂိုးကံခေနေ၍ ဂိုးမရဘဲဖြစ်ခဲ့ရသည်။

ယူကရိန်းအသင်းသည် ခုနစ်ပွဲကစားပြီးချိန်တွင် ၁၇မှတ်ဖြင့် အုပ်စု(၂) ကိုဦးဆောင်နေသည်။

အင်ဒိုရာ ၀–၄ ချက်

အင်ဒိုရာအသင်းနှင့် ချက်အသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင်ချက်အသင်းက အင်ဒိုရာအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ချက်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၃၁မိနစ်တွင် ဂျန်ကူလော့စ်ကီး ပယ်နယ်တီဖြင့် တစ်ဂိုး၊ ယင်းဂိုးမှာ အီဒီဖောင်လီမာကဘားရို့စ်အားဂိုး ရေိယာအတွင်းကြမ်းတမ်းစွာကစားသည့်အတွက်ပယ်နယ်တီကန်ခွင့်ရခြင်းဖြစ်သည်။ ယင်းဂိုးသွင်းပြီး ကိုးမိနစ်အကြာမီလန်ဘားရို့စ်က တစ်ဂိုးထပ်မံသွင်းပေးခဲ့သည်။

ဒုတိယပိုင်းစပြီး ၁၇ မိနစ်အကြာ ချက်ကစားသမားလောဗင့်က အင်ဒိုရာနောက်တန်းလူနှစ်ယောက်ကို ကျော်ဖြတ်ကာ တတိယဂိုးသွင်းလိုက်သည်။ ချက်အသင်းအတွက် စတုတ္ထအနိုင်ဂိုးကို လေလွှင့်ချိန်တွင် အင်ဒိုရာကစားသမား ပူဂျောက်က ကွင်းလယ်ကစားသမား ဗာချောဆက်ကို လူချကစားသဖြင့် ပယ်နယ်တီကန်ခွင့်ပေးရာရှိဆစ်စကီးက ကန်သွင်းပေးခဲ့ခြင်းဖြစ်သည်။

ချက်အသင်းသည် ခြောက်ပွဲကစားပြီး ၁၅မှတ်ဖြင့် အုပ်စု(၁)တွင် နယ်သာလန်အသင်းနောက်မှ ဒုတိယနေရာကိုရယူထားသည်။

ဆလိုဗက်ကီးယားနှင့် ပေါ်တူဂီ

ဆလိုဗက်ကီးယားအသင်းနှင့် ပေါ်တူဂီအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီ သရေ ဖြစ်သွားခဲ့သည်။

ဆလိုဗက်ကီးယားအသင်း ရရှိသောဂိုးမှာ ပွဲစပြီးရှစ်မိနစ်အကြာ ပယ်နယ်တီကန်ခွင့်ရရှိရာ ကာဟန်းက ဖွင့်ဆော်ဦး ဂိုးသွင်းပေးခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ချေပဂိုးရရှိရေးအတွက် အကြိတ်အနယ်ကစားသော်လည်း ပထမပိုင်းတွင်ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်း ပြန်စလျှင်စချင်း ပေါ်တူဂီအသင်းမှာ ဂိုးရရှိရေးအတွက် အကြိတ်အနယ်ထိုးဖောက်ကစားရာ ပွဲစဉ် ၆၂ မိနစ်တွင်ပေါ်စတီဂါက ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။

အင်္ဂလန်နှင့် အဇာဘိုင်ဂျန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရွန်နေ အပိုင်ကန်ခွင့်ရသောဘောလုံး ဂိုးမဝင်ဘဲ ဤသို့လွဲချော်သွားခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

အဆိုပါနှစ်သင်းလုံးသည်အုပ်စု(၃)တွင် ၁၄ မှတ်စီဖြင့် ပေါ်တူဂီက ပထမနေရာ၊ ဆလိုဗက်ကီးယားက ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

နယ်သာလန် နိုင်ပွဲ

နယ်သာလန်အသင်းနှင့် အာမေနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် နယ်သာလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

နယ်သာလန်အသင်းအတွက် အနိုင်ဂိုးများကို ရှိမိယိုကာခတယ်လင်က ပွဲစပြီး ၃မိနစ်တွင် တစ်ဂိုး၊ နစ္စတယ်ရွိုင်းက ၃၄မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့သည်။ နယ်သာလန်အသင်းသည် အင်္ဂလန်အသင်းကဲ့သို့ ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၆ မှတ်ရရှိထားပြီး အုပ်စု(၁)ကို ဦးဆောင်နေသည်။

အစ္စရေးနှင့် ပြင်သစ် သရေကျ

အစ္စရေးနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့် တစ်ဖက် တစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။ ဒုတိယပိုင်းတွင် ပြင်သစ်တို့က ဖွင့်ဆော်ဦးဂိုးသွင်းရာ ထရက်ဇီဂေးက သွင်းပေးခဲ့ခြင်းဖြစ်သည်။ အစ္စရေးအသင်းက ၈၃ မိနစ်တွင် ဂါလစ်ဘာဒီယာက ချေပဂိုးသွင်းပေးခဲ့သည်။

ငင်းနှစ်သင်းသည် ၁၀မှတ်စီရရှိထားကာ ပြင်သစ်က ပထမနေရာကို ရရှိကာအုပ်စု(၄)ကိုဦးဆောင်နေသည်။

မော်ဒိုဗာနှင့် နော်ဝေ

မော်ဒိုဗာအသင်းနှင့်နော်ဝေအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။ နော်ဝေအသင်းသည် အုပ်စု(၅) တွင် ထိပ်ဆုံးအီတလီအသင်း နောက်မှ လိုက်နေသည်။

ဆားဘီးယားမွန်တီနီဂရိုးနှင့် စပိန်

ဆားဘီးယားမွန်တီနီဂရိုးအသင်းနှင့် စပိန်တို့ ယှဉ်ပြိုင်ကစားရာတွင် နာမည်ကြီး စပိန်အသင်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ပွဲပြီးသွားသည်။ အဆိုပါနှစ်သင်းသည် ငါးပွဲကစားပြီးချိန် အုပ်စု(၇)တွင် ဆားဘီးယားအသင်းက ၁၁မှတ်ဖြင့် အုပ်စု ပထမ၊ စပိန်က အုပ်စုဒုတိယဖြင့် လိုက်နေသည်။

ခရိုအေးရှားနိုင်

ခရိုအေးရှားအသင်းနှင့် မော်လတာအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် ခရိုအေးရှားအသင်းက သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စု(၈)ကိုဦးဆောင်နေသည်။ အဆိုပါအုပ်စု(၈)မှ အုပ်စုပထမအသင်းများ ဒုတိယအကောင်းဆုံးနှစ်သင်းတို့သည်ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ၂၀၀၆ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အုပ်စုတွင်း ကျန်ခြောက်သင်းမှ နှစ်ကျော့ကစားပြီး အနိုင်ရသောအသင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

အခြားပွဲများ

အက်စ်တိုနီးယား	၁	–	၁	ရုရှား
လတ်ဗီးယား	၄	–	၀	လူဇင်ဘတ်
ဂျော်ဂျီယာ	၂	–	၅	တူရကီ
ဘော့စနီးယား	၁	–	၁	လစ်သူယေးနီးယား
မက်ဆီဒိုးနီးယား	၁	–	၂	ရိုမေးနီးယား
ပိုလန်	၁	–	၀	မြောက်အိုင်ယာလန်
ဆလိုဗေးနီးယား	၁	–	၁	ဘီလာရုစ်
ဩစတြေးလျ	၁	–	၀	ဝေလ
ဂရိ	၂	–	၀	အယ်ဘေးနီးယား

(အင်တာနက်)



(၁၄)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်သောဒယ်ဒီ ဦးညီညီအောင်နှင့် ချစ်သောမာမီ ဒေါ်စိုးစိုးခိုင်တို့၏ ၁-၄-၂၀၀၅ရက်တွင် ကျရောက်သော (၁၄)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီးများနှင့်အတူ သာယာချမ်းမြေ့သော မိသားစုဘဝခရီးလမ်းကို သက်ဆုံးတိုင် လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး-ခင်မြတ်နိုး
(အထက-၂၊ ကမာရွတ်)၊
ချစ်သမီးငယ်-ချစ်မြတ်နိုး
(အထက-၂၊ ကမာရွတ်)။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တိုက်ကြီးမြို့နေ ဦးတင်ဦး-ဒေါ်ခင်အေးတို့၏သားကြီး

မောင်မျိုးလွင်ဦး B.A (English)

(Managing Director - Pan Thein Gi Trading Co., Ltd.)

နှင့်

ရန်ကုန်မြို့နေ ဦးကြည်ဦး-ဒေါ်သန်းသန်းဦး (မုဒုံမောင်မောင် ကားပစ္စည်းရောင်းဝယ်ရေး) တို့၏တစ်ဦးတည်းသောသမီး

မစိုးနန္ဒာဦး(ခ)ဘုတ်ဘုတ်
B.A (English)
B.Sc (Hons) Computing and Information Systems
(London Metropokiton University, UK)

တို့၏ ၁၅-၂-၂၀၀၅ရက်တွင် Sedona Hotel၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေးအားလည်းကောင်း၊ အသိသက်သေအဖြစ်ဆောင်ရွက်ပေးသော ဂမုန်းပွင့်ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဦးနှင့်ဇနီး ဒေါ်စန်းစန်းရွှေ၊ ဒေါက်တာဦးကျော်မြင့်နှင့်ဇနီး ဒေါ်ခင်ခင်မြင့်၊ ယင်းအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော တရားသူကြီး၏ကိုယ်ရေးအရာရှိ ဦးဇော်လင်းမောင်အားလည်းကောင်း၊ ၂၇-၃-၂၀၀၅ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဂမုန်းပွင့်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးနှင့်ဇနီး ဒေါ်မေသက်တင်၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲ၊ ဗန်းကိုင်၊ သတို့သားအရန်၊ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော Talent & Model အဖွဲ့၊မိတ်ကပ်၊ ဆံပင် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော အလင်္ကာတီးဝိုင်းအဖွဲ့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော မမေသက်ထွန်းအားလည်းကောင်း၊ ၂၇-၃-၂၀၀၅ရက်တွင် Traders Hotel၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် နှစ်ဖက်ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ Sedona Hotelမှ ဝန်ထမ်းများ၊ Traders Hotelမှဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးလွင်ဦး-မစိုးနန္ဒာဦး။

မင်္ဂလာဦးဆုတောင်း

၂၇-၃-၂၀၀၅ရက်တွင်ကျရောက်သော မောင်မျိုးလွင်နှင့် ဘုတ်ဘုတ်တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သေတပန်သက်တစ်ဆုံး ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်တစ်ခုတည်ဆောက်နိုင်ပါစေ။

ချစ်သော ဖေဖေ၊ မေမေ	–	**ဦးကြည်ဦး-ဒေါ်သန်းသန်းဦး**
ချစ်သော ဦးလေး၊ ဒေါ်လေးများ	–	**ဦးထွန်းဦး-ဒေါ်သိန်းရွှေ** **ဦးတင်နွယ်-ဒေါ်နီနီလွင်** **ဦးတင်ဝင်းအောင်-ဒေါ်ခင်မိုး** **ဦးဝင်းသန်း-ဒေါ်တင်ဝင်းမော်**
ချစ်သော ကိုကြီး၊ မမ ကိုငယ်	–	**ကိုလင်းဇော်-မစောနန်းနွယ် ကိုဇော်။**

အမွေဆက်ခံသူသမီးအဖြစ်မှ အပြီးအပိုင်ထုတ်ပယ်ပြီးဖြစ်ကြောင်း

မစိုးစိုးသက်

၁၁/သတန(နိုင်)ဝ၄၉၁၅၂နှင့် အများသိစေရန်

သံတွဲမြို့၊ အမှတ် (၃)ရပ်ကွက်၊ သစ္စာလမ်းနေ ဦးစိုးညွန့်-ဒေါ်သိန်းရွှေ (ဦးစိုးညွန့်ဆေးဆိုင်)တို့၏သမီးဖြစ်သူ မစိုးစိုးသက် ၁၁/သတန(နိုင်)ဝ၄၉၁၅၂ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် ၁၉-၃-၂၀၀၅ရက်နေ့တွင် ရွှေငွေလက်ဝတ်ရတနာ အပြည့်အစုံယူ၍ နေအိမ်မှ အပြီးအပိုင်ဆင်းသွားပါသဖြင့် ယနေ့မှစ၍ မစိုးစိုးသက်အား အမွေဆက်ခံသူ သမီးအဖြစ်မှ အပြီးအပိုင် ဖယ်ထုတ်ပြီးဖြစ်ပါကြောင်းနှင့် မစိုးစိုးသက်၏ ပြုလုပ်မှုကိစ္စအဝဝသည် မိဘများနှင့် လုံးဝမသက်ဆိုင်သည့်အပြင် မိဘများမှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးလွင်၊ ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၇၊ အခန်း(E)၊ ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၃၉၇၃၊
၀၁-၃၈၂၈၇၁။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၀၇)နေ ဦးကျော်သိန်း(စက်မှု-၁၊ ရော်ဘာ)-ဒေါ်အေးညွန့်ခိုင် [ပစ္စည်းထိန်း(ပ)ဆောက်လုပ်ရေး]တို့၏သားငယ်

မောင်စိုးဝဏ္ဏအောင် B.A (Eco)

Graphic Designer (ပေပါမွန်းရုပ်ရှင်ထုတ်လုပ်ရေး)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုလ်လမ်း၊ အမှတ်(၃၇)နေ ဦးမြင့်ကြည်(တိုင်းဥပဒေအရာရှိ၊ ဧရာဝတီတိုင်း)-ဒေါ်နွယ်နီ (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး၊တရားရုံးချုပ်ရှေ့နေ) တို့၏တစ်ဦးတည်းသောသမီး

မနှင်းဝင့်ကြည် B.A(English), U.F.L

တို့အား ၁-၃-၂၀၀၅ရက်တွင် ရှေ့နေချုပ်ရုံး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ် ဦးအေးမောင်၊ ၁၉-၃-၂၀၀၅ရက်တွင် ရန်ကုန်မြို့ I.B.C မြက်ခင်းပြင်နှင့် ၂၆-၃-၂၀၀၅ရက်တွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်မြက်ခင်းပြင်တွင် ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတို့၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးကြသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်ဇနီး ဒေါ်ရီရီဝင်း၊ မင်္ဂလာဧည့်ခံပွဲများသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မိတ်ကပ်နှင့်ဆံပင် အလှပြုပြင်ပေးသော မေဦးမောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မသက်နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးဝဏ္ဏအောင်-မနှင်းဝင့်ကြည်။

SHINE & FINE
Export Fashion Shop

ဝယ်ယူအားပေးသူများအတွက်
10% Discount အပြင် **မေတ္တာလက်ဆောင်**များပေးပါမည်။
ကုမ္ပဏီဝန်ထမ်းများအတွက် Uniform များကိုလည်း
အထူးသက်သာသော ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနေပါသည်။
Discount ကာလ 1.4.2005 မှ 12.4.2005 အထိ
နေရာ – အနောက်ရွှေဂုံတိုင်လမ်းမကြီး၊
Lucky Seven လက်ဖက်ရည်ဆိုင်နှင့်
Kitchen Mart ကြား
Ph:511080, 09-99-28159

SHAPE FOR YOU
Export Fashion Shop

1.4.2005 မှ 12.4.2005 အထိ
ဝယ်ယူအားပေးသော
မိတ်ဟောင်းမိတ်သစ်များအားလုံးအတွက်
10% Discount အပြင် **မေတ္တာလက်ဆောင်** များပေးပါမည်။
နေရာ – အင်းလျားလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊
သစ်သီးတန်းအနီး
Ph:539760, 09-502-2653

အခြေခံဝန်ထမ်းလောင်း သင်တန်းဆင်း

ရန်ကုန် မတ် ၃၁

အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်း အခမ်းအနားကို ယနေ့ နံနက်၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်အား ချီတက်အလေးပြုကြသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်က သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (၆၁)ဒေါ်ညွန့်ညွန့်ထွေး နည်းပြ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား လည်းကောင်း၊ သင်တန်းသား စံပြဆုကို သင်တန်းသား အမှတ်(၉၃) ဦးဝင်းထိုက် ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအားလည်းကောင်းချီးမြှင့်သည်။

(သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ရွှေ၏နိုင်ငံကူး လက်မှတ်အမှတ် ၄၁၇၆၀၆သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၂၂၅၆၀၇။



မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် မတ် ၃၁

၂၀၀၅ခုနှစ် မတ် ၂၉ရက်တွင်ကျင်းပသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးတွင် ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း ပေးပို့လှူဒါန်းသည့် အလှူငွေကျပ် ၁၀၀၀၀၀ကို အလှူရှင်ကိုယ်စား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများ

"ယောချောင်းကို ဖြတ်ကာကူးတော့
ရွှင်မြူးဖို့ မောင်ကြိုမှာ
ညိုပါနှင့် မျက်နှာထား
မောင့်လက်ကို ခိုင်ခိုင်မြဲအောင်
တွဲပါတော့လား။ ။"

(ပင်လုံခွန်)

ချင်းတွင်းတံတားသစ်ကြီး (မုံရွာ)ကို ဖြတ်ကျော်ပြီး ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်သို့ ရောက်ရှိခဲ့သည်။

ဆားလင်းကြီးသည် ယခင်က ထနောင်း၊ တမာ၊ ကန္တာရပင်တို့ဖြင့် အညာ၏ ပုံရိပ်ကို ဖော်ညွှန်းခဲ့သော်လည်း မျက်မှောက်ခေတ်၏ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းများက အညာဒေသကို ပိုမိုစိုပြည်လှပအောင် ဖော်ဆောင်ပေးလျက်ရှိသည်။ ရှေးဟောင်းသမိုင်းဝင် စေတီဘုရားနှင့် သာသနိက အဆောက်အအုံများလည်း များပြားလွန်းလှသည်။ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းခဲ့ကြောင်း သက်သေပြနေသည်။

ဆားလင်းကြီးသည် ကုန်းဘောင်ခေတ်ကတည်းက ဖွံ့ဖြိုးထွန်းကားခဲ့သော ဒေသဖြစ်သည်။ စာရေးသူတို့သည် မြို့၏အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဆားလင်းကြီးရေလှောင်တမံကို သွားရောက်လေ့လာခဲ့သည်။

ဆားလင်းကြီးရေလှောင်တမံကို ၂၆-၉-၂၀၀၄ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအမြင့် ၅၂ပေရှိသည်။ ကန်ရေပြည့်ဧကပေ ၄၆၂၀ရှိသည်။ ရေလှောင်တမံပမာဏ ရေဆင်းဧရိယာ ၁၁စတုရန်းမိုင်ရှိ၍ အကျိုးပြုလယ်မြေဧက ၆၀၀ကျော်ခန့်တွင် သီးနှံပုံစံ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သည်။ ဒေသတွင်း သောက်သုံးရေ လုံလောက်ရေး အတွက်လည်း ဖြည့်ဆည်းပေးနေသည်။ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထူးအထောက်အကူပြုလျက်ရှိသည်။

စာရေးသူတို့သည် မြောက်ယမားရေလှောင်တမံသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

မြောက်ယမားရေလှောင်တမံမှာ တမံအမြင့် ၆၅ပေ၊ အလျားပေ ၁၀၄၀၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်ကာ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် အတွင်း စိုက်ပျိုးမြေဧက ၁၂၀၀၀ပေါ်တွင် သီးနှံစုံဧရိယာဧက ၁၈၀၀၀ကို ရေပေးဝေ စိုက်ပျိုးနိုင်ရန်နှင့် ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန်ရည်ရွယ်ကာ ၁၉၉၅-၉၆ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ပြီးစီးခဲ့သည်။

မြောက်ယမားရေလှောင်တမံ၏ ရေသောက်ဧရိယာတွင် ယခု ၂၀၀၄-၂၀၀၅ စိုက်ပျိုးရာသီ၌ ယနေ့အထိ မိုးစပါး ၅၀၈၇ဧက၊ အခြားသီးနှံစုံ ၅၅၃၃ဧက စုစုပေါင်းဧက ၁၀၆၂၀ကို ရေပေးဝေ စိုက်ပျိုးထားကြောင်း သိရသည်။

၂၀၀၅ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာတွင်-

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသား၊ ပြည်သူများအားလုံး၏ လူမှုဘဝခိုင်မာမြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် အထူးဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။"

"အဆိုပါရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မား တောင့်တင်းခိုင်မာရေးသည် အခြေခံကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတွင် လယ်ယာကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။"

ဟူ၍ ဖော်ပြထားပေသည်။

"စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသော နိုင်ငံတော်စီးပွားရေး ဦးတည်ချက်အရ တိုင်းဒေသကြီးမှ ဒေသခံတိုင်းရင်းသား ပြည်သူများသည် မိမိတို့တိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်အောင် စွမ်းဆောင်ကြိုးပမ်းနေကြကြောင်း အားတက်ဖွယ် လေ့လာတွေ့ရှိခဲ့ရသည်။

တိုင်းဒေသကြီးသည် စပီရိုလိုင်းနားခေါ် စိမ်းပြာရေညှိများ ထွက်ရှိရာ၊ တွင်းတောင်၊ တွင်းပိုးတို့ ထွက်ရှိရာ၊ မြန်မာ့ဂျုံအများဆုံးစိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်သည်။ စပါးကို နှစ်စဉ်တိုးမြှင့်စိုက်ပျိုးလျက် အထက်မြန်မာပြည်၏ စပါးကျီအဖြစ်သို့ တက်လှမ်းလျက်ရှိသည်။

စာရေးသူတို့သည် ချင်းတွင်းတံတား(ဆင်ဖြူရှင်)ကို ဖြတ်ကျော်၍ မုံရွာခရိုင် ဘုတလင်မြို့နယ်သို့ ရောက်ရှိခဲ့ကြသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့် အညီ လယ်ယာကုန်ထုတ်လုပ်ငန်းသည် တိုင်းရင်းသားပြည်သူများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံး ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာစေရန် အဘက်ဘက်က ကူညီပံ့ပိုး ဖြည့်ဆည်းအားပေးလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သည့်စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အစီအမံများကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း အပါအဝင် ရေရှားပါးသော ဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးအတွက် ရေအရင်းအမြစ်များကို ဖော်ထုတ်ပြီး ရေလှောင်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်က အလေးထား တည်ဆောက်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်မှစ၍ ယခုအချိန်အထိ ဆည်မြောင်းတာတမံပေါင်း ၁၇၁ခုကို နိုင်ငံတော် ဘဏ္ဍာငွေကျပ် သန်းပေါင်း ၈၉၄၀၀ခန့် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ဒသမ ၃သန်းကျော်ကို အကျိုးပြုစေလျက်ရှိသည်။ ဆက်လက်၍ ဆည်တမံ စီမံကိန်းပေါင်း ၃၆ခုကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်သည်။

စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းတွင် မြစ်ရေတင်စီမံကိန်းများ ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၇၁ခု ဧက ၂၈သိန်းခန့်သာ ရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးမြေဧက သိန်း ၄၀ရှိနေပြီဖြစ်ရာ စိုက်ပျိုးမြေဧက ၁၂သိန်းခန့် ပိုမိုတိုးတက်လာကြောင်း တွေ့ရသည်။

ယင်းသို့သော အခြေအနေကောင်းများကြောင့် ဆန်စပါးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ဆန်စပါးဖူလုံရုံသာမက ပိုလျှံလာသည့် တိုင်းဖြစ်သည့်အတွက် အထက်မြန်မာပြည်၏ စပါးကျီအဖြစ်ဖြင့် ခိုင်မာစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။ ဆန်စပါးနှင့်အတူ အဓိကသီးနှံများဖြစ်သော ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ဝါနှင့် ကြံတို့ကိုလည်း တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။

မုံရွာခရိုင် ဘုတလင်မြို့နယ်၌ မြို့သစ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်း အတွင်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ၁၈ခုမြောက် ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ၁၆၅ခုမြောက် ဆည်တစ်ခုဖြစ်သည်။ မြို့သစ်ရေလှောင်တမံ ဖွင့်လှစ်လိုက်သည့်အတွက် ဘုတလင်မြို့နယ်အတွင်း လယ်မြေဧရိယာဧက ၂၅၀၀ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။

မြို့သစ်ရေလှောင်တမံ ဆည်ရေဖြင့် နွေစပါးနှင့် နွေနှမ်းတို့ကိုပါ ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်လျက်ရှိရာ စိုက်ဧက ၅၅၀၀အထိ တိုး၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး အလားအလာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသော အထက်အညာဒေသတွင် စိုက်ပျိုးရေး အကျိုးပြု ရေလှောင်တမံများ ဒေသချင်းဆက်ပြီး ဖွင့်လှစ်နိုင်ခြင်းသည် သားစဉ်မြေးဆက် အကျိုးပြုမည့် အမွေအနှစ်များ၊ အခြေခံကောင်းများပင် ဖြစ်သည်။

စာရေးသူတို့သည် စစ်ကိုင်းတိုင်း အရာတော်မြို့နယ်သို့လည်း ရောက်ရှိခဲ့သည်။

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာအနီး မူးမြစ်အနောက်ဘက်ကမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အရာတော်(၂)လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက် လေ့လာခဲ့ကြသည်။

အရာတော်(၂)လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို အရာတော်ဒေသရှိ စိုက်ပျိုးမြေဧရိယာဧက ၂၀၀၀၀ကို ရေတင်အဆင့် ခုနစ်ဆင့်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်နေခြင်း ဖြစ်သည်။

အရာတော်(၂)လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် နွေစပါး ၂၁၂ ဧကကို ရေပေးဝေ စိုက်ပျိုးခဲ့ပြီး ယခုနှစ် မိုးစပါးဧက ၁၅၀၀စိုက်ပျိုးရန် လျာထားသည့်အနက် ယခုအထိ ၇၆၆ဧက စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

အရာတော်(၂)လျှပ်စစ်မြစ်ရေတင် စီမံကိန်းတစ်ခုလုံးကို ၂၀၀၆ခုနှစ် မတ်လအတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

မျက်မှောက်ခေတ်၌ နိုင်ငံတော်၏ သီးနှံစိုက်စွမ်းအားမှာ ၁၅၁ရာခိုင်နှုန်းအထိ တိုးတက်လာသဖြင့် စုစုပေါင်းစိုက်ဧက ၄၁ ဒသမ ၃သန်းအထိ ဖြစ်ပေါ် တိုးတက်လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် လေ့လာသိရှိခဲ့ရသည်။

တိုင်းဒေသကြီးသည် စပီရိုလိုင်းနားခေါ် စိမ်းပြာရေညှိများ ထွက်ရှိရာ၊ တွင်းတောင်၊ တွင်းပိုးတို့ ထွက်ရှိရာ၊ မြန်မာ့ဂျုံအများဆုံးစိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်သည်။ စပါးကို နှစ်စဉ်တိုးမြှင့်စိုက်ပျိုးလျက် အထက်မြန်မာပြည်၏ စပါးကျီအဖြစ်သို့ တက်လှမ်းလျက်ရှိသည်။

ဖြစ်ထွန်းလာခဲ့ပြီး တစ်ကွင်းတစ်စပ်တည်း လယ်ယာမြေဧက သုံးသိန်းကျော်ကို အကျိုးပြုလျက် ရှိနေပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့သစ်ချောင်းကျေးရွာအနီး မြို့သစ်ချောင်းပေါ်၌ တည်ဆောက်ပြီးစီးသွားသည့် မြို့သစ်ရေလှောင်တမံကို ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၇ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများမှ ရေကိုအကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဖန်တီးပေးမှုများကြောင့် စစ်ကိုင်းတိုင်းအတွင်း နိုင်ငံတော်၏ အကြီးမားဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးနှင့်အတူ ဆည်တမံများစွာကို တည်ဆောက်ပေးခဲ့ရာ စိုက်ပျိုးမြေဧရိယာများ တိုးတက်များပြားလာလျက်ရှိသည်။ လွန်ခဲ့သည့် ၁၅နှစ်ခန့်က စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးမြေ ဧရိယာ စက်မှုစိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာရေးကိုလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြသည်။

စာရေးသူတို့အဖွဲ့သည် အင်းဝတံတားကို ဖြတ်ကျော်ခဲ့သည်။ ဧရာဝတီမြစ်ကူး ရတနာပုံတံတားသစ်ကြီး တည်ဆောက်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

စစ်ကိုင်းတိုင်းကိုလည်း နိုင်ငံတော်က အခြားပြည်နယ်၊ တိုင်းများနည်းတူ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ ဦးဆောင်မှုအောက်ဝယ် ထက်ကြပ်မကွာ လိုက်ပါ စွမ်းဆောင်နေကြသည်။ ယင်းသို့ တက်ညီလက်ညီ ဖော်ဆောင်မှု၏ ရလဒ်အဖြစ် အလားအလာကောင်းများ သီးပွင့်ဝေဆာလျက်ရှိသော စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ နိုင်ငံတော်အတွက် အားတက်ဖွယ် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

သောင်ကုန်းကျောင်း သာသနာ့ရိပ်သာ ဆရာတော်ကြီးအား ဂုဏ်ပူဇော်ပွဲ ကျင်းပမည်

တောင်ငူ မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ဖြင့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ပဲခူးတိုင်း တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု သောင်ကုန်းကျောင်း သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာန နာယကကျေးဇူးရှင် ဘဒ္ဒန္တပညာစက္က ဆရာတော်ကြီးအား ဂုဏ်ပူဇော်ပွဲကို (၁၃၆၆ခုနှစ် တန်ခူးလဆန်း ၂ ရက်) ဧပြီ ၁၀ ရက်(တနင်္ဂနွေနေ့)တွင် သောင်ကုန်းကျောင်း သာသနာ့ရိပ်သာကြီး၌ ကျင်းပမည်ဖြစ်ရာ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအားလုံး ကြွရောက်ကြည်ညိုပူဇော်ကြရန်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဖုန်း-၀၅၄-၂၃၆၀၊ ၂၃၆၀၅နှင့် ၂၂၀၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၃)**

မတ် ၅ ရက်က မြဝတီမြို့နယ် သဃ်န်းညီနောင် ကျေးရွာအုပ်စု ဖော့ရှမ်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ဦးစီးဌာနမှူး ဦးစောချစ်သန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ သနပ်ပင်မြို့၌ကျင်းပ

သနပ်ပင် မတ် ၃၀

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီက ပဲခူးခရိုင် သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၏ ၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ နယ်မြေများမှ အကောင်းဆုံး ရောဂါရှာဖွေသူများအား ဒေါက်တာသန့်ဇင်က ဆုပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်တွင် စတင်ပြန်လည်ကျင်းပခဲ့ ညီလာခံကိုယ်စားလှယ်များ နိုင်ငံတော်အကျိုးရှေးရှုပြီး အကြံပြုချက်များ ပွင့်ပွင့်လင်းလင်းတင်ပြခဲ့ကြ သဘာပတိအဖွဲ့ဝင်များ၏လေ့လာတွေ့ရှိချက်များ စုစည်းပြုစုနိုင်ရေးညီလာခံကိုခေတ္တရပ်နားထားမည်

နိုင်ငံတော်အတွက်ကြိုးပမ်းချက်များသည် အပြုသဘောဆောင်သည့် သမိုင်းတွင်ရစ်မည့်လုပ်ဆောင်ချက်ဖြစ် နောက်တစ်ကြိမ်အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပမည်

ရန်ကုန် မတ် ၃၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်

စာမျက်နှာ ၇ ကော်လံ ၁ *

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏အကျိုးကို ဦးစားပေးပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဝိုင်းဝန်းထောက်ခံအကြံပြုခဲ့ကြ

နိုင်ငံတော်၏ အဓိကအကျဆုံးဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော ခက်မသုံးဖြာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းသည် အလွန်မှ ခက်ခဲနက်နဲကျယ်ဝန်းပြီး ဝိဝါဒကွဲပြားစရာများ များစွာရှိနိုင်၊ သို့သော်လည်း ကိုယ်စားလှယ်ကြီးများအနေဖြင့် တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုး၏ အကျိုးထက် တိုင်းရင်းသားအားလုံး၏ အကျိုး၊ ပြည်ထောင်စုကြီး၏ အကျိုးကို ဦးစားပေးပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းထောက်ခံ အကြံပြုခဲ့ကြ။